**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**

ရုံးတွင်းညွှန်ကြားလွှာအမှတ် ( ၂၈/ ၂၀၂၀ )

အကြောင်းအရာ။ **အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehouse) ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်များ (SOPs - Standard Operating Procedures) ပြဋ္ဌာန်းခြင်း**

ရည် ညွှန်း ချက် ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀-၈-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈ / ၂၀၁၉)

၁။ အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehouse) ဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်များအား ဤရုံးတွင်း ညွှန်ကြားလွှာဖြင့် ပြဋ္ဌာန်းလိုက်သည်။

**အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်ဖွဲ့စည်းပုံ**

၂။ အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်အား အောက်ပါအဖွဲ့များဖြင့် ဖွဲ့စည်းရမည်-

(က) ရုံးအဖွဲ့

(ခ) ရာဖြတ်/ စာရင်းစစ်အဖွဲ့

**ရုံးအဖွဲ့၏ တာဝန်ဝတ္တရားများ**

၃။ ရုံးအဖွဲ့မှ အောက်ပါကိစ္စရပ်များအား ဆောင်ရွက်ရမည်-

(က) အကောက်ခွန် ကုန်လှောင်ရုံလိုင်စင် လျှောက်ထားခြင်း/ ပယ်ဖျက်ခြင်း/ သက်တမ်းတိုးခြင်း အစရှိသည့် ကိစ္စရပ်အဝဝအား လက်ခံဆောင်ရွက်ရမည်။ (ရန်ကုန်ရုံးချုပ် ဧရိယာအတွင်းရှိ အကောက်ခွန်ကုန်လှောင်ရုံများအား ညွှန်ကြားရေးမှူး (ထုတ်/သွင်း) မှ တစ်ဆင့် တိုက်ရိုက်ကွပ်ကဲပြီး နယ်မြေအကောက်ခွန်ရုံးများရှိ အကောက်ခွန်ကုန်လှောင်ရုံများအား ညွှန်ကြားရေးမှူး(ထုတ်/သွင်း) မှ တစ်ဆင့် နယ်ရုံးများကြီးကြပ်ရေးဌာနခွဲနှင့် ဆက်သွယ်ဆောင်ရွက်သွားရမည်။)

(ခ) အကောက်ခွန်ကုန်လှောင်ရုံများနှင့် ပတ်သက်သည့် အချက်အလက်များအား အချိန်နှင့် တစ်ပြေးညီ တိကျစွာ မှတ်တမ်းထားရှိရမည်။

(ဂ) အကောက်ခွန်ကုန်လှောင်ရုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားများအား တိကျစွာ ထိန်းသိမ်းထားရှိရမည်။

(ဃ) သက်ဆိုင်ရာ ကုန်လှောင်ရုံများမှ လိုအပ်သည့် အကောက်ခွန် ချိပ်စည်းတံဆိပ် (Customs Seal) များအား ဖြန့်ဝေပေးရမည်။

**ရာဖြတ်/စာရင်းစစ်အဖွဲ့၏ တာဝန်ဝတ္တရားများ**

၄။ ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ အောက်ပါကိစ္စရပ်များအား ဆောင်ရွက်ရမည်-

(က) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းသည့် ကြေညာလွှာများအား လက်ခံ ဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာ ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိများမှ ဆုံးဖြတ်ရန် အခက်အခဲရှိသော ကုန်လှောင်ရုံထုတ် သွင်းကုန်/ထုတ်ကုန်ကြေညာလွှာများ၊ ပုံမှန်ထုတ်ကုန် ကြေညာလွှာများအား ရုံးချုပ်ရှိ သက်ဆိုင်ရာ ဌာနစိတ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရမည်။

(ဂ) သက်ဆိုင်ရာ ကုန်လှောင်ရုံများအလိုက် တားဆီး/ ဖမ်းဆီးစာရင်းများနှင့် တင်ပြစာ များအား အဆင့်ဆင့် ဆက်လက် တင်ပြပေးရမည်။

(ဃ) ကုန်လှောင်ရုံသွင်းကုန်ပစ္စည်းများ၏ သိုလှောင်ကာလအတွင်း ပျက်စီးမှု/ဖျက်ဆီးမှု များကို ကိုင်တွယ်ဆောင်ရွက်ရမည်။

(င) ကုန်လှောင်ရုံတွင် ကျန်ရှိသော ပစ္စည်းများမှာ ပိုင်ရှင်စွန့်လွှတ် သို့မဟုတ် ပိုင်ရှင်မဲ့ ကုန်ပစ္စည်းများဖြစ်ပါက လေလံတင် ရောင်းချခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကို ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိများမှ တင်ပြလာပါက ဆက်လက်တင်ပြ ဆောင်ရွက်ပေးရမည်။

(စ) ကုန်လှောင်ရုံဆိုင်ရာ ကြေညာလွှာများ အခွန်မှန်ကန်စွာ တွက်ချက် ကောက်ခံထားခြင်း ရှိ/မရှိနှင့် ပြစ်မှု မှတ်တမ်းများ စနစ်တကျ ရေးသွင်းထားခြင်း ရှိ/မရှိကို စစ်ဆေးရမည်။

(ဆ) အကောက်ခွန် ကုန်လှောင်ရုံ လိုင်စင် သက်တမ်းတိုးခြင်းအတွက် ယခင် ကြွေးကျန်များ ရှိ/မရှိကို စစ်ဆေးပေးရမည်။

(ဇ) အကောက်ခွန် ကုန်လှောင်ရုံ တစ်ခုချင်းအလိုက် ကုန်ပစ္စည်း အဝင်/အထွက်/ လက်ကျန် စာရင်းများအား အချိန်နှင့် တစ်ပြေးညီ မှတ်တမ်းထားရှိနိုင်ရန် သက်ဆိုင်ရာ အကောက်ခွန်ကုန်လှောင်ရုံများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

(ဈ) Warehouse Management System များမှ ပေးပို့လာသည့် စာရင်းများအား တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ပြီး ကုန်လှောင်ရုံ တစ်ခုချင်းအလိုက် နေ့စဉ် မှတ်တမ်း ထားရှိရမည်။

**အကောက်ခွန် ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိ၏ တာဝန်နှင့် ဝတ္တရားများ**

၅။ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ကုန်ပစ္စည်း အထုတ်/အသွင်း ဆောင်ရွက်မှုများ လုပ်ထုံးလုပ်နည်းများအရ စနစ်တကျ ဖြစ်စေရမည်။

(ခ) တင်သွင်းလာသည့် ကြေညာလွှာများ၏ အချက်အလက်များအား မှန်ကန်သင့်လျော်မှု ရှိ/မရှိ စစ်ဆေးရမည်။

(ဂ) လုပ်ငန်းလိုအပ်ချက်အရအခါအားလျော်စွာ အကောက်ခွန်ကုန်လှောင်ရုံ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး အစရှိသည့် ကိစ္စရပ်များအတွက် ညွှန်ကြားချက်များအား ကုန်လှောင်ရုံမှူးထံ အကြောင်းကြား ဆောင်ရွက်စေရမည်။

(ဃ) တင်သွင်းလျှောက်လွှာများ၊ ကြေညာလွှာများ၊ Case File များနှင့် စာရင်းများအား စနစ်တကျ မှတ်တမ်းထားရှိရမည်။

(င) ရုံးချုပ်သို့ ဆက်လက်တင်ပြရမည့် ဖိုင်များအား အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်၊ ရာဖြတ်/စာရင်းစစ် အဖွဲ့သို့ ဆက်လက် တင်ပြရမည်။

(စ) ထူးခြားဖြစ်စဉ်များအား အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်နှင့် ညွှန်ကြားရေးမှူးထံသို့ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ရမည်။

(ဆ) ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက် အထောက်အထား မပါရှိဘဲ မည်သည့်ကုန်ပစ္စည်းကိုမှ လက်ခံခြင်း မပြုရ။

**ဝင်ပေါက် အကောက်ခွန်စခန်း တာဝန်ကျ အကောက်ခွန် အရာရှိများ၏ တာဝန်နှင့် ဝတ္တရားများ**

၆။ ဝင်ပေါက် အကောက်ခွန်စခန်း တာဝန်ကျ အကောက်ခွန် အရာရှိများ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သက်ဆိုင်ရာ ဝင်ပေါက်အကောက်ခွန်စခန်း၏ အကောက်ခွန်ရုံးသို့ ဦးတည်၍ Bonded Transportation Declaration လျှောက်ထားသည့် ကိစ္စရပ်များအတွက် အကောက်ခွန် စစ်ဆေးရေးအရာရှိမှ ITF Service ဖြင့် Bonded Transportation Declaration အား လည်းကောင်း၊ ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာအား IID Service ဖြင့်လည်းကောင်း ကြည့်ရှုကာ CEO Service ဖြင့် Approval/Dis-Approval/ Cancellation ဆောင်ရွက်ပေးပြီး TK02A စာရင်းရေးသွင်းရမည်။ TK02A စာရင်းရေးသွင်းရာတွင် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ ထုတ်ပြန်ထားသည့် စံပြုလုပ်ငန်းစဉ်တွင် ပါရှိသော မြဝတီနယ်စပ်ဒေသမှ သယ်ဆောင်သည့် Bonded Transportation Declaration များအတွက် TK02A ရေးသွင်းသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) Bonded Transportation Declaration အလိုက် ခွင့်ပြုပေးသည့် သယ်ဆောင်ရာလမ်းကြောင်း၊ အချိန်နှင့် အခြားအချက်အလက်များအား TK02A တွင် တစ်ပါတည်း မှတ်တမ်းရေးသွင်းရမည်။

(ဂ) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းသော Bonded Transportation Declaration များအတွက် ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက် ပါရှိမှသာ လုပ်ငန်း ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာ ဆိပ်ကမ်းများတွင် အခြားဌာနမှ ထောက်ခံချက် လိုအပ်သော ကုန်ပစ္စည်းများအတွက် နမူနာပစ္စည်း ထုတ်ယူမည်ဆိုပါက နမူနာပစ္စည်း ထုတ်ယူသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးပြီး ဖွင့်ဖောက်လိုက်သည့် ကုန်သေတ္တာအား အကောက်ခွန် ချိပ်စည်းတံဆိပ် (Customs Seal) ခပ်နှိပ်ပေးရမည်။ (ယင်းအချက်အလက်များကိုပါ TK02A စာရင်းရေးသွင်းမှုတွင် ထည့်သွင်းရေးသားရမည်။)

## ထွက်ပေါက် အကောက်ခွန်စခန်း တာဝန်ကျ အကောက်ခွန်အရာရှိများ၏ တာဝန်နှင့် ဝတ္တရားများ

၇။ ထွက်ပေါက် အကောက်ခွန်စခန်း တာဝန်ကျ အကောက်ခွန် အရာရှိများ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာ Ex-Bond ED ၏ Allowed Shipment အား IEX Service သို့မဟုတ် TK01B Service ဖြင့် စစ်ဆေးရမည်။ ထို့နောက် TK02B စာရင်း ရေးသွင်းရမည်။

(ခ) Allowed Shipment ရက်စွဲ မပါရှိသည့် တစ်နည်းအားဖြင့် Allowed Shipment မထွက်ရှိသေးသည့် ကြေညာလွှာများ၊ သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းသော ကုန်လှောင်ရုံထုတ် - ထုတ်ကုန်ကြေညာလွှာများအတွက် သက်ဆိုင်ရာ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိ၏ ခွင့်ပြုချက် မပါရှိဘဲ သင်္ဘောတင်ဆောင်ခွင့် မပြုရ။

(ဂ) သက်ဆိုင်ရာ ဆိပ်ကမ်းများတွင် အကြောင်းအမျိုးမျိုးကြောင့် သင်္ဘောတင်ဆောင်ခွင့် ပြောင်းလဲလျှော့ကျထားမှု (Short Shipped) ကိစ္စရပ်များ၊ ချိပ်စည်း ပျက်ယွင်းမှုများ အစရှိသည့် ထူးခြားဖြစ်စဉ်များအတွက် အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ် အဖွဲ့မှ တစ်ဆင့် ညွှန်ကြားရေးမှူး(ထုတ်/သွင်း) ထံ တင်ပြကာ အမိန့်နာခံ ဆောင်ရွက်ရမည်။

## ကုန်လှောင်ရုံမှူး၏ တာဝန်နှင့် ဝတ္တရားများ

၈။ ကုန်လှောင်ရုံမှူး၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်ပစ္စည်း အထုတ်/အသွင်း ပြုလုပ်မည်ဆိုပါက အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံ ပြုလုပ်မည့် အချိန်အား ကြိုတင်အကြောင်းကြားရမည်။

(ခ) ကုန်လှောင်ရုံ စီမံခန့်ခွဲမှုစနစ်တွင် လက်ခံရရှိချိန်၊ ရက်စွဲ၊ အဝင်မှတ်ပုံတင်နံပါတ်၊ ကုန်ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ အထုပ်အပိုးအမှတ်အသား၊ သိုလှောင်မည့် နေရာတို့ကို စနစ်တကျ မှတ်တမ်းတင်၍ ကုန်ပစ္စည်းများအား ကုန်လှောင်ရုံ အတွင်း ထည့်သွင်းရမည်။

(ဂ) ကုန်လှောင်ရုံမှူးသည် ကုန်ပစ္စည်းများ ကုန်လှောင်ရုံအတွင်း ဝင်ရောက်ခြင်း/ ထွက်ခွာခြင်း (Carried In/Carried Out) အတွက် သတင်းအချက်အလက်ကို ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲ မှ ညွှန်ကြားချက် များအတိုင်း မပျက်မကွက် ဆောင်ရွက်ရမည်။

(ဃ) ကုန်လှောင်ရုံအတွင်း ပစ္စည်းများအား ထည့်သွင်း/ထားသိုရာတွင် သတ်မှတ်ထား သည့် ပုံစံအတိုင်း စာရင်းဇယား (Bin Card) ချိတ်ဆွဲထားရမည်။

(င) ကုန်လှောင်ရုံ၏ အဝင်/အထွက် စာရင်းများကို နေ့စဉ် စာရင်း/ အပတ်ချုပ်/ လချုပ်စာရင်းများအား သက်ဆိုင်ရာ အကောက်ခွန် ကုန်လှောင်ရုံ တာဝန်ကျ အရာရှိနှင့် အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်ထံသို့ Soft Copy ဖြင့် နံနက် ၀၉:၃၀ အချိန်တွင် အီလက်ထရောနစ်နည်းလမ်းဖြင့် တင်ပြရမည်။ ထို့ပြင် အကောက်ခွန် ဦးစီးဌာနမှ အခါအားလျော်စွာ တောင်းဆိုသည့်အခါတိုင်းတွင်လည်း ကုန်လှောင်ရုံ အဝင်/ အထွက်စာရင်းများကို အချိန်နှင့် တစ်ပြေးညီတင်ပြရန် တာဝန်ရှိသည်။

(စ) ကုန်လှောင်ရုံမှူးမှ ကုန်လှောင်ရုံစီမံခန့်ခွဲမှု စနစ်ရှိ ကုန်ပစ္စည်း အဝင်/ အထွက် စာရင်းများအား စနစ်တကျ မှတ်တမ်းရေးသွင်းရမည်ဖြစ်ပြီး အကောက်ခွန်ဦးစီး ဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား အတိအကျ လိုက်နာ ဆောင်ရွက်ရမည်။

(ဆ) ကုန်လှောင်ရုံအတွင်းသို့ Into Bond ID ကုန်လှောင်ရုံသွင်း - ကြေညာလွှာဖြင့် သို့မဟုတ် Bonded Transportation Declaration ဖြင့် ထည့်သွင်းထားသော ကုန်ပစ္စည်းများအား တစ်စိတ်တစ်ပိုင်း ပြန်လည်ထုတ်ယူမှုများအတွက် ကုန်ပစ္စည်းထည့်သွင်းခဲ့သည့် ကြေညာလွှာများ သို့မဟုတ် လျှောက်လွှာများနှင့် ကုန်ပစ္စည်း ပြန်လည်ထုတ်ယူသည့် ကြေညာလွှာများ သို့မဟုတ် လျှောက်လွှာများ ၏ ဆက်စပ် စာရင်းများနှင့် အရေအတွက် လက်ကျန်စာရင်းများအား အတိအကျ မှတ်တမ်းတင် ထားရှိရမည်။

(ဇ) သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်ရမည့် အပြင် အကောက်ခွန်ဦးစီးဌာနနှင့် ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိက လုပ်ငန်းလိုအပ်ချက် အရ အခါအားလျော်စွာ အကောက်ခွန်ကုန်လှောင်ရုံ လုံခြုံရေး၊ စည်းကမ်းထိန်း သိမ်းရေး အစရှိသည့် ကိစ္စရပ်များအတွက် ညွှန်ကြားချက်များအား လိုက်နာ

ဆောင်ရွက်ရမည်။

(ဈ) ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်အထောက်အထား မပါရှိဘဲ မည်သည့် ကုန်ပစ္စည်းကိုမှ လက်ခံခြင်း မပြုရ။

(ည) ကုန်လှောင်ရုံထုတ် ကုန်ပစ္စည်းများ အကောက်ခွန် ကုန်လှောင်ရုံမှ ထွက်ခွာမည့် အချိန်တွင် ကုန်ပစ္စည်းထုတ်ယူခွင့် အထောက်အထား ထုတ်ပေးရမည်။

(ဋ) ကုန်လှောင်ရုံမှူးသည် အကောက်ခွန်လုပ်ငန်းများ ရှင်းလင်းမှု မပြုလုပ်ရသေးသော ကုန်စည်များအနက် ပျက်စီးဆုံးရှုံးသည့် ကုန်စည်များအပေါ် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၁၄ နှင့် ၁၁၈ တို့အရ ဆောင်ရွက်ရန် တာဝန်ရှိသည်။

**ကုန်လှောင်ရုံလိုင်စင် ရရှိထားသူ၏ တာဝန်နှင့် ဝတ္တရားများ**

၉။ ကုန်လှောင်ရုံစီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်သည့် ကိစ္စရပ်များအပေါ် ကုန်လှောင်ရုံလိုင်စင် ရရှိထားသူမှ ဆောင်ရွက်ပေးရမည့် တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်လှောင်ရုံ **စီမံခန့်ခွဲမှု စနစ်** (Warehouse Management System) တွင် ပါဝင်ရမည့် အခြေခံအချက်များနှင့် ပုံစံနမူနာအား နောက်ဆက်တွဲ(က)ပါဇယားဖြင့် ဖော်ပြထားပြီး ယင်းဇယားပါ အချက်အလက်များကို မည်သည့်အချိန်တွင်မဆို Excel Format ဖြင့် စာရင်း ထုတ်ပေးနိုင်ရမည်။

(ခ) ကုန်လှောင်ရုံ**စီမံခန့်ခွဲမှု စနစ်**၏ အချက်အလက်အားလုံးကို အကောက်ခွန် ကုန်လှောင်ရုံ **စစ်ဆေးရေးအရာရှိ**မှ အချိန်နှင့်တစ်ပြေးညီ သီးသန့်ကွန်ပျူတာဖြင့် ကြည့်ရှုနိုင်စေရန် အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူမှ စီမံဆောင်ရွက်ပေးရမည်။ လုပ်ငန်းလိုအပ်ချက်အရ အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ် အဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာန၏ သက်ဆိုင်ရာ ဌာနခွဲများမှ တောင်းဆိုသည့်အခါတွင်လည်း စီမံ ဆောင်ရွက်ပေးရမည်။

(ဂ) ကုန်လှောင်ရုံ **စီမံခန့်ခွဲမှုစနစ်**အတွင်းမှ ကုန်လှောင်ရုံ၏ အဝင်/အထွက် စာရင်းများကို နေ့စဉ် စာရင်း/ အပတ်ချုပ်/ လချုပ်စာရင်းများအား ထုတ်ယူကာ သတ်မှတ်နည်းလမ်းများအတိုင်း အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ် အဖွဲ့နှင့် အကောက်ခွန်ကုန်လှောင်ရုံ **စစ်ဆေးရေး အရာရှိ**တို့ထံ တင်ပြနိုင်ရမည်။

(ဃ) လုပ်ငန်းလိုအပ်ချက်အရ ကုန်လှောင်ရုံ **စီမံခန့်ခွဲမှု စနစ်**၏ စနစ်အဆင့်မြှင့်တင်မှုအား ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲနှင့် အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်တို့မှ တောင်းဆိုသည့်အတိုင်း အကောက်ခွန် ကုန်လှောင်ရုံ လိုင်စင် ရရှိထားသူမှ ညှိနှိုင်း ပြင်ဆင်မှုများ ပြုလုပ်ပေးရမည်။

**ဆိပ်ကမ်းများ/ လေဆိပ်ကုန်လှောင်ရုံ Operator များ၏ တာဝန်နှင့် ဝတ္တရားများ**

၁၀။ သက်ဆိုင်ရာ ဆိပ်ကမ်းများ/ လေဆိပ်ကုန်လှောင်ရုံ Operator များ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆိပ်ကမ်းများ/ လေဆိပ်ကုန်လှောင်ရုံများသို့ ဝင်ရောက်လာသော ကုန်ပစ္စည်းများ၏ အဝင်/အထွက် စာရင်းများကို MACCS စနစ်တွင် အချိန်နှင့် တစ်ပြေးညီ (လုံးဝနောက်မကျစေဘဲ) ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ ထုတ်ပြန်ထားသည့် စံပြုလုပ်ငန်းစဉ်နှင့် ညွှန်ကြားချက်များအတိုင်း သက်ဆိုင်ရာ Service များဖြင့် တိကျစွာ မှတ်တမ်းတင်ရမည်။
**(အထူးသတိပြု ဆောင်ရွက်ရမည့် အချက်ဖြစ်သည်။ ဆောင်ရွက်ရန် လုံးဝ (လုံးဝ) မေ့လျော့ခြင်း/ ကျန်ရှိခဲ့ခြင်း မရှိစေရ။)**

(ခ) အကောက်ခွန်ဦးစီးဌာနမှ ဆိပ်ကမ်းများ/ လေဆိပ်ကုန်လှောင်ရုံများသို့ ဝင်ရောက်လာသော အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ ကုန်ပစ္စည်း အဝင်/အထွက် စာရင်းများအား ညှိနှိုင်းတောင်းခံသည့်အခါတွင် တင်ပြရန် တာဝန်ရှိသည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ လုပ်ငန်းလိုအပ်ချက်အရ အကောက်ခွန် ကုန်လှောင်ရုံဆိုင်ရာ ကုန်ပစ္စည်း အဝင်/အထွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်။

**လိုင်စင်လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း**

၁၁။ ကုန်လှောင်ရုံ လိုင်စင်လျှောက်ထားသူများသည် ရုံးအဖွဲ့ထံသို့ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အကောက်ခွန်ပုံစံ ၁၂၇ (CR-127) ပုံစံအား http://www.customs.gov.mm website တွင် download ရယူခြင်းဖြင့်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်/သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၏ ရုံးအဖွဲ့ထံတွင် လာရောက်ထုတ်ယူခြင်းဖြင့် လည်းကောင်း ရယူရမည်။

(ခ) အဆိုပါ လျှောက်လွှာပါ အချက်အလက်များအား သတ်မှတ်ထားသော ပုံစံဖြင့် ဖြည့်စွက်ကာ အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်သို့ Hard Copy တစ်စုံ နှင့် Soft Copy တစ်စုံကို လူကိုယ်တိုင် လာရောက် တင်သွင်းရမည်။

(ဂ) ရည်ညွှန်းချက်ပါအမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၄ တွင် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ ဌာနများ၏ စစ်ဆေးထားသော ထောက်ခံချက်များကို တစ်ပါတည်း ပူးတွဲတင်ပြ ရမည်။

(ဃ) ရည်ညွှန်းချက်ပါအမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၅ ပါ အချက်များအရ မြေပြင်စစ်ဆေးရေးအဖွဲ့ဖြင့် လာရောက်စစ်ဆေးမှု ခံယူနိုင်ရန် ပြင်ဆင်ထားရှိရမည်။

(င) အကောက်ခွန်ဦးစီးဌာန၏ စာရွက်စာတမ်းများနှင့် မြေပြင်စစ်ဆေးချက်များ ကိုက်ညီကြောင်း အကြောင်းပြန်ကြားချက်ကို လက်ခံရရှိပါက အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရှိ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်နှင့် လာရောက်ဆက်သွယ်၍ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲတွင် သတ်မှတ်ထားသည့် လိုင်စင်ကြေးနှင့် နှစ်စဉ်ကြေးများအား ပေးသွင်းရမည်။ ထို့ပြင် အာမခံစပေါ်ငွေများကို Bank Guarantee ဖြင့် ဖြစ်စေ ၊ ငွေပေးအမိန့် (Payment Order) ဖြင့်ဖြစ်စေ ပေးသွင်းရမည်။ Bank Guarantee ၏ သက်တမ်းသည် ကုန်လှောင်ရုံသက်တမ်းနှင့် အကျုံးဝင်ရမည်။

(စ) ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲသို့ ပေးသွင်းခဲ့သည့် ပြေစာ/ချလံ အထောက်အထားအား အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်သို့ မိတ္တူတစ်စုံ တင်ပြရမည်။

(ဆ) အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ခွင့်ပြုချက်အမိန့် ရရှိပြီးနောက် MACCS System တွင် မှတ်ပုံတင်သည့် လုပ်ငန်းစဉ်အား ဆောင်ရွက်ရမည်။

၁၂။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရုံးအဖွဲ့မှ အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) အမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၄ တွင် သတ်မှတ်ထားသည့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများအား ပြည့်စုံမှန်ကန်မှု ရှိ/ မရှိ စစ်ဆေးရမည်။

(ခ) လျှောက်လွှာပုံစံပေါ်တွင် စတင်လျှောက်ထားသည့် နေ့စွဲအား တံဆိပ်တုံးဖြင့် ရိုက်နှိပ်ရမည်။

(ဂ) အကောက်ခွန်ကုန်လှောင်ရုံ ဖွင့်လှစ်ရန် လျှောက်ထားမှု တစ်ခုစီအတွက် အမှုတွဲဖိုင် ဖွင့်လှစ်ရမည်။

(ဃ) မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းရမည်။

(င) လျှောက်ထားလာသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အမည်စာရင်းအား ပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိစုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲနှင့် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲသို့ ပေးပို့စိစစ်ရမည်။

(စ) မြေပြင်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးရေးအတွက် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲသို့ တင်ပြဆောင်ရွက်ရမည်။

(ဆ) အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်လျှောက်ထားသူထံသို့ လျှောက်လွှာအား လက်ခံကြောင်းနှင့် မြေပြင်စစ်ဆေးရေးအဖွဲ့မှလာရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊

လျှောက်လွှာ လက်ခံသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းပြန်ကြားပေးရမည်။

(ဇ) မြေပြင်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှန်ကန်မှုမရှိကြောင်း တင်ပြလာပါက အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရုံးအဖွဲ့သည် ကုန်လှောင်ရုံလျှောက်ထားသူထံ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် အကြောင်းကြားရမည်။ ပြင်ဆင်မှုများပြုလုပ်ပြီး ထပ်မံစစ်ဆေးပေးနိုင်ပါရန် တင်ပြတောင်းခံပါက မြေပြင်စစ်ဆေးရေးအဖွဲ့ကို ထပ်မံဖွဲ့စည်း၍ ပြန်လည်စစ်ဆေးနိုင်ရေး ဆောင်ရွက်ရမည်။

(ဈ) မြေပြင်စစ်ဆေးရေးအဖွဲ့၏ ကိုက်ညီမှုရှိကြောင်း စစ်ဆေးအတည်ပြုချက်နှင့်အတူ ကုန်လှောင်ရုံလိုင်စင် လျှောက်ထားမှု Case ဖိုင်အား ပြုစု၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် ခွင့်ပြုပေးနိုင်ပါရန် တင်ပြရမည်။

(ည) ခွင့်ပြုချက်ရရှိပါက အကောက်ခွန် ကုန်လှောင်ရုံ လိုင်စင်လျှောက်ထားသူထံမှ အကောက်ခွန် ကုန်လှောင်ရုံ အမျိုးအစားအလိုက် လိုင်စင်ကြေး၊ နှစ်စဉ်ကြေးနှင့် ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများအတွက် အခွန်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှုမရှိစေရေး အာမခံစပေါ်ငွေများ ကောက်ခံနိုင်ရန် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲသို့ ပေးပို့ရမည်။

(ဋ) အကောက်ခွန်ကုန်လှောင်ရုံ အမျိုးအစားအလိုက် အာမခံကြေး၊ လိုင်စင်ကြေးနှင့် နှစ်စဉ်ကြေးများ ကောက်ခံပြီးပါက သတ်မှတ်ထားသည့် အကောက်ခွန်ပုံစံ ၁၂၆ (CR-126) တွင် ညွှန်ကြားရေးမှူးချုပ် ကိုယ်စားလက်မှတ်ရေးထိုးပေးနိုင်ပါရန် ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ထံသို့ တင်ပြရမည်။

(ဌ) ကုန်လှောင်ရုံသက်တမ်းကာလ တစ်လျှောက်လုံးအတွက် အကျုံးဝင်သော အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် နောက်ဆက်တွဲ (ခ) ပါပုံစံအတိုင်း Bond Deed ချုပ်ဆိုပြီး ကုန်လှောင်ရုံလိုင်စင် ထုတ်ပေးရမည်။

(ဍ) အကောက်ခွန်ကုန်လှောင်ရုံ အမျိုးအစားအလိုက် လိုင်စင်အမှတ်စဉ်အား နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြပါရှိသည့်အတိုင်း ခွဲခြားသတ်မှတ်၍ အကောက်ခွန်ပုံစံ ၁၂၆ (CR-126) တွင် လက်မှတ်ရေးထိုးသည့် နေ့ရက်မှစ၍ ခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ရန် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲသို့ အကြောင်းကြားရမည်။

(ဎ) ကုန်ပစ္စည်းအလို အလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲသို့ Warehouse Code သတ်မှတ်ပေးနိုင်ရေးအတွက် အကြောင်းကြားရမည်။

၁၃။ ဖွဲ့စည်းပေးထားသော မြေပြင်စစ်ဆေးရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) အမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၅ တွင် သတ်မှတ်ထားသည့်အချက်များကို ဆောင်ရွက်ထားခြင်း ရှိ/မရှိ အား နောက်ဆက်တွဲ (ဃ)တွင် ဖော်ပြပါရှိသော Physical Check List ပါအတိုင်း စိစစ်ရမည်။

(ခ) စစ်ဆေးချက်များအား ဓာတ်ပုံမှတ်တမ်းများနှင့်အတူ အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်သို့ တင်ပြရမည်။

**ကုန်လှောင်ရုံသို့ ကုန်ပစ္စည်းများသယ်ဆောင်ခြင်း/ ကုန်လှောင်ရုံအတွင်းသို့ ထည့်သွင်းခြင်းများအတွက် ကုန်ပစ္စည်း ထိခိုက်/ပျက်စီး ဆုံးရှုံးမှုများ အပေါ်တွင် တာဝန်ရှိခြင်း**

၁၄။ ကုန်လှောင်ရုံသို့ ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် ကုန်ပစ္စည်းလက်ခံမည့် ကုန်လှောင်ရုံမှူးက တာဝန်ယူသယ်ဆောင်ပါက ကုန်ပစ္စည်း ထိခိုက်/ ပျက်စီးဆုံးရှုံးမှုများအတွက် ကုန်လှောင်ရုံလိုင်စင် ရရှိထားသူမှ တာဝန်ရှိပြီး ကုန်ပစ္စည်းတင်သွင်းသူက တာဝန်ယူ သယ်ဆောင်ပါက ယင်းမှ တာဝန်ရှိသည်။

၁၅။ ကုန်လှောင်ရုံအတွင်းသို့ ထည့်သွင်းပြီးသည့် ကုန်ပစ္စည်းများ လျော့နည်း/ ပျောက်ဆုံး/ ထိခိုက်မှုများအတွက် ကုန်လှောင်ရုံလိုင်စင် ရရှိထားသူက တာဝန်ရှိသည်။

**ကြေညာလွှာများ တင်သွင်းရမည့် အကောက်ခွန်ရုံးအား သတ်မှတ်ခြင်း**

၁၆။ Bonded Transportation Declaration တင်သွင်းမှုအတွက် ကုန်ပစ္စည်း ဆိပ်ကမ်း/ ဝင်ပေါက် အကောက်ခွန်စခန်းသည် MACCS စနစ် အား အသုံးပြုပါက ယင်း ဆိပ်ကမ်း/ ဝင်ပေါက် အကောက်ခွန်စခန်းသို့ ဦးတည်တင်သွင်းရမည်။ MACCS စနစ် အသုံးမပြုနိုင်ပါက အကောက်ခွန် ကုန်လှောင်ရုံ ဌာနစိတ်၊ ရာဖြတ်/စာရင်းစစ် အဖွဲ့သို့ သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် ဦးတည် တင်သွင်းရမည်။

၁၇။ ကုန်လှောင်ရုံ သွင်းကုန်/ထုတ်ကုန်ကြေညာလွှာများ(Into Bond ID/ Ex-Bond ID/ Ex-Bond ED) တင်သွင်းမှုအတွက် ကုန်ပစ္စည်းလက်ခံမည့် အကောက်ခွန်ကုန်လှောင်ရုံသို့သာ ဦးတည် တင်သွင်းရမည်။ MACCS စနစ် အသုံးမပြုနိုင်ပါက အကောက်ခွန် ကုန်လှောင်ရုံ ဌာနစိတ်၊ ရာဖြတ်/စာရင်းစစ် အဖွဲ့သို့ သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် ဦးတည် တင်သွင်းရမည်။

**ကုန်လှောင်ရုံနှင့် သက်ဆိုင်သည့် ကြေညာလွှာများ၏ အချက်အလက် မှန်ကန်မှုများ အပေါ်တွင် တာဝန်ရှိခြင်း**

၁၈။ ဆိပ်ကမ်း/ဝင်ပေါက် တစ်ခုမှ ဝင်ရောက်လာမည့် ကုန်ပစ္စည်းများအတွက် Bonded Transportation Declaration အား ကုန်ပစ္စည်းလက်ခံမည့် ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူမှ

ကိုယ်စားလှယ် လွှဲအပ်ထားသော ကုန်လှောင်ရုံမှူး သို့မဟုတ် ကုန်လှောင်ရုံလိုင်စင်ရရှိထားသူ၏ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်ကသာ တင်သွင်းနိုင်ပြီး ကြေညာလွှာ အချက်အလက်များအား တာဝန်ခံရမည်။

၁၉။ ကုန်လှောင်ရုံ တစ်ခု မှ နောက်တစ်ခုသို့ ကုန်ပစ္စည်း ရွှေ့ပြောင်းခြင်းအတွက် Bonded Transportation Declaration တင်သွင်းခြင်းအား ကုန်ပစ္စည်း စတင်ထွက်ခွာမည့် ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူမှ ကိုယ်စားလှယ် လွှဲအပ်ထားသော ကုန်လှောင်ရုံမှူး သို့မဟုတ် ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူ၏ အကောက်ခွန် ဝန်ဆောင်မှု ကိုယ်စားလှယ်မှ ဆောင်ရွက်ရမည်ဖြစ်ပြီး ကြေညာလွှာ အချက်အလက်များအား တာဝန်ခံရမည်။

၂၀။ ကုန်လှောင်ရုံ သွင်းကုန်/ထုတ်ကုန်ကြေညာလွှာ (Into Bond ID/ Ex-bond ID/ Ex-Bond ED) ကုန်လှောင်ရုံလိုင်စင်ရရှိထားသူ၏ သို့မဟုတ် ပစ္စည်းပိုင်ရှင်၏ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်ကသာ တင်သွင်းနိုင်ပြီး ကြေညာလွှာ အချက်အလက်များအား တာဝန်ခံရမည်။

၂၁။ Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာတင်သွင်းခြင်းနှင့် Bonded Transportation Declaration တင်သွင်းခြင်းတို့သည် ကုန်ပစ္စည်းတင်သွင်းသူ/ သယ်ဆောင်သူ/ ကုန်ပစ္စည်း သိုလှောင်သူနှင့် အကောက်ခွန်ဦးစီးဌာနတို့အကြား အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ပြုလုပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

**ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများအား ကြေညာလွှာ တင်သွင်းရာတွင် ကုန်ပစ္စည်း တန်ဘိုး သတ်မှတ်ခြင်း**

၂၂။ ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများအား ကြေညာလွှာတင်သွင်းရာတွင် ကုန်ပစ္စည်း တန်ဖိုး သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်လှောင်ရုံသွင်းပြီးပစ္စည်းများအား ပြည်တွင်းစားသုံးမှုအတွက် Ex-Bond ID မဆောင်ရွက်မီ Customs Valuation နှင့် HS Classification လုပ်ငန်းစဉ်များကို ပြီးပြတ်အောင် ကြိုတင်ဆောင်ရွက်ရမည်။

(ခ) အထက် စာပိုဒ်ပါ ဖော်ပြချက်များအား ကြိုတင်ဆောင်ရွက်ထားခြင်း မရှိပါက Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် H.S Classification/ Valuation တို့အား အကောက်ခွန်ဦးစီးဌာနမှ ပြန်လည် စိစစ်သွားရမည်။

(ဂ) Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် အကောက်ခွန်တန်ဘိုး သတ်မှတ်ခြင်းအား Into Bond ID ကုန်လှောင်ရုံ သွင်း-သွင်းကုန် ကြေညာလွှာအပေါ်တွင် အခြေခံ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဃ) ထိုသို့ ဆောင်ရွက်ရာတွင် ငွေလဲလှယ်နှုန်းနှင့် အခွန်နှုန်းထားများမှာမူ Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာ တင်သွင်းသည့်နေ့ရက်တွင် အကြုံးဝင်သည့် နှုန်းထားများအတိုင်း ဆောင်ရွက်ရမည်။

**ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ မရောက်ရှိမီ ဆောင်ရွက်ရမည့် အချက်များ**

၂၃။ ကုန်ပစ္စည်းတင်သွင်းသူမှ ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများ ဆိပ်ကမ်း/ ဝင်ပေါက် အကောက်ခွန်စခန်းသို့ မရောက်ရှိမီ ကုန်ပစ္စည်း တင်သွင်းသူနှင့် အကောက်ခွန်ကုန်လှောင်ရုံ တို့အကြား ကုန်ပစ္စည်းထားရှိမှုဆိုင်ရာ သဘောတူညီချက် နှင့် Consignment အလိုက် တင်သွင်းမည့် စာရွက်စာတမ်းအထောက်အထားများအား အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန် ကုန်လှောင်ရုံ ဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ် အဖွဲ့ထံ အီလက်ထရောနစ်နည်းလမ်းဖြင့် ဖြစ်စေ၊ လူကိုယ်တိုင် လျှောက်ထားခြင်းဖြင့်ဖြစ်စေ တင်ပြရမည်။

၂၄။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တင်သွင်းလျှောက်လွှာနှင့် ပူးတွဲ စာရွက်စာတမ်းများအား စာရင်းသွင်းပြီး ညွှန်ကြားရေးမှူး ထံ အဆင့်ဆင့်တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးထံမှ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူ၊ သက်ဆိုင်ရာ ကုန်လှောင်ရုံမှူးနှင့် အကောက်ခွန် ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံ အကြောင်းပြန်ကြားပေးရမည်။

**ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်းများ ထည့်သွင်းခြင်း**

၂၅။ ပြည်ပမှတင်သွင်းလာသည့်ကုန်ပစ္စည်းများ၊ အကောက်ခွန်ကုန်လှောင်ရုံ တစ်ခုမှ အခြား တစ်ခုသို့ သယ်ဆောင်လာသည့် သွင်းကုန်ပစ္စည်းများအတွက် အကောက်ခွန်နှင့် အခြား အခွန်အခများ ပေးဆောင်ခြင်းမပြုမီ ခွင့်ပြုထားသော ကုန်လှောင်ရုံတွင် အကောက်ခွန်ကြီးကြပ်မှုဖြင့် ထည့်သွင်းရမည်။

၂၆။ ကုန်ပစ္စည်းများအား ပြည်ပမှ တင်သွင်းလာပြီးနောက် ပထမဦးဆုံး ကုန်လှောင်ရုံသွင်းသည့် လုပ်ငန်းစဉ် ပြီးမြောက်ကြောင်း Release Order ထွက်ရှိသည့်နေ့မှစတင်၍ ၃ နှစ်အထိသာ သိုလှောင်ခွင့်ရှိသည်။ သမားရိုးကျ နည်းလမ်းဖြင့် တင်သွင်းသည့်ကြေညာလွှာများအတွက်မူ ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ Into Bond ID စတင်တင်သွင်းသည့်နေ့မှ စတင် ရေတွက်မည် ဖြစ်ပါသည်။

၂၇။ ကုန်လှောင်ရုံအမျိုးအစားအလိုက် သွင်းကုန်ပစ္စည်းများ ထည့်သွင်းရာတွင် ကုန်ပစ္စည်း ထည့်သွင်းလိုသူမှ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အကောက်ခွန် ကုန်လှောင်ရုံတစ်ခု အတွင်းသို့ ထည့်သွင်းသိုလှောင်မည့် ကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်း တင်သွင်းသူနှင့် အကောက်ခွန်ကုန်လှောင်ရုံတို့အကြား ကုန်ပစ္စည်းထားရှိမှုဆိုင်ရာ သဘောတူညီချက်ကို ကုန်ပစ္စည်းအား သက်ဆိုင်ရာ ဆိပ်ကမ်း သို့မဟုတ် ဝင်ပေါက်အကောက်ခွန်စခန်း မှ မထွက်ခွာမီဖြစ်စေ၊ အကောက်ခွန်ကုန်လှောင်ရုံ တစ်ခုမှ အခြားကုန်လှောင်ရုံတစ်ခုသို့ ရွှေ့ပြောင်းမည်ဆိုပါက စတင်ထွက်ခွာမည့် ကုန်လှောင်ရုံမှ မထွက်ခွာမီဖြစ်စေ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်နှင့် သက်ဆိုင်ရာ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် သို့မဟုတ် လူကိုယ်တိုင် လာရောက်တင်ပြခြင်းဖြင့် တင်ပြရမည်။

(ခ) ကုန်ပစ္စည်းလက်ခံမည့် အကောက်ခွန်ကုန်လှောင်ရုံသို့ ကုန်ပစ္စည်းများ မရောက်ရှိမီ Preliminary Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာ ကြိုတင်တင်သွင်းရမည်။ Preliminary Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန် ကြေညာလွှာ တင်သွင်းရာတွင် ကုန်ပစ္စည်းလက်ခံမည့် ကုန်လှောင်ရုံသို့ ဦးတည် လျှောက်ထားရမည်။ ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများဖြင့် လျှောက်ထားရမည်။ စာရွက်စာတမ်းများ ပူးတွဲတင်ပြရာတွင် ကုန်ပစ္စည်း တင်သွင်းသူနှင့် အကောက်ခွန် ကုန်လှောင်ရုံတို့အကြား ကုန်ပစ္စည်း ထားသိုမည့် အထောက်အထား တစ်စုံတစ်ရာအား တစ်ပါတည်းတင်ပြရမည်။

(ဂ) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်မည်ဆိုပါက အကောက်ခွန်ဦးစီးဌာန ရုံးချုပ်ရှိ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့သို့ လာရောက်၍ Invoice၊ Packing List၊ Bill of Lading သို့မဟုတ် Airways Bill သို့မဟုတ် Truck Note/ Cargo Receipt များနှင့် ပူးတွဲတင်သွင်းရမည့် စာရွက်စာတမ်းများဖြင့် ကြေညာလွှာအား တင်သွင်းရမည်။

(ဃ) ကုန်လှောင်ရုံသွင်းမည့် ကုန်ပစ္စည်းများမှာ ကန့်သတ်ပစ္စည်းများ ဖြစ်ပါက သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များအား တင်ပြရမည်။

(င) ဆိပ်ကမ်း/ဝင်ပေါက် အကောက်ခွန်စခန်းများမှ အကောက်ခွန်ကုန်လှောင်ရုံများသို့ သယ်ဆောင်မည့် ကုန်ပစ္စည်းများအတွက် Bonded Transportation Declaration ကို ကုန်ပစ္စည်းဝင်ရောက်မည့် သက်ဆိုင်ရာ ဆိပ်ကမ်း/ဝင်ပေါက်သို့ လိပ်မူ၍ တင်သွင်းရမည်ဖြစ်ပြီး Approval ရရှိပါက အကောက်ခွန် စည်းတံဆိပ် ခပ်နှိပ်၍ သို့မဟုတ် မူလ ထုပ်ပိုးပုံပျက်ယွင်းမှု ရှိ/မရှိ စိစစ်မှုခံယူကာ သက်ဆိုင်ရာ ကုန်လှောင်ရုံသို့ ထွက်ခွာရမည်။ အကောက်ခွန်ကြီးကြပ်မှုဖြင့် ကုန်ပစ္စည်းများ

သယ်ဆောင်မှုအား ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၉၃ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည်။

(ဇ) Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ တင်သွင်းထားသည့် ကုန်ပစ္စည်းများ ရောက်ရှိလာပါက ကုန်ပစ္စည်း ရောက်ရှိမည့်နေရာရှိ တာဝန်ကျ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံ သတင်းပို့၍ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၉၄ ပါ ပြဋ္ဌာန်းချက်များအရ အစစ်ဆေးခံရမည်။

(ဈ) ကုန်လှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများရောက်ရှိလာပါက ကုန်ပစ္စည်း ထည့်သွင်းလိုသူသည် ကုန်လှောင်ရုံမှူးနှင့် အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိတို့ထံ အကြောင်းကြားကာ အကောက်ခွန် ချိပ်စည်းတံဆိပ် (Customs Seal) / Line Seal ပျက်ယွင်းမှု ရှိ / မရှိစစ်ဆေး၍ Into Bond ID ကုန်လှောင်ရုံ သွင်း-သွင်းကုန်ကြေညာလွှာ၊ Bill of Lading သို့မဟုတ် Manifest၊ Airway Bill သို့မဟုတ် Truck Note/ Cargo Receipt၊ Invoice၊ Packing List များပေါ်ရှိ အချက်အလက်များနှင့် မျက်မြင် တိုက်ဆိုင်စစ်ဆေးမှုအား ခံယူရမည်။

(ည) စစ်ဆေးမှု ခံယူပြီးနောက် ကုန်ပစ္စည်းတင်သွင်းသူမှ MACCS စနစ်ဖြင့် တင်သွင်းသော Into Bond ID များအတွက် ကျသင့်သည့် MACCS Fees ကို ပေးဆောင်၍ Into Bond ID Release Order သို့မဟုတ် သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ အတည်ပြု ထွက်ရှိချိန်တွင် ကုန်လှောင်ရုံသွင်းခြင်း လုပ်ငန်းစဉ်အား သတ်မှတ်ထားသော စည်းမျဉ်းများအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဋ) MACCS စနစ်ဖြင့် Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာ တင်သွင်းရာတွင် Type of Import မှားယွင်း တင်သွင်းခြင်းများအတွက် ဒဏ်ငွေ တပ်ရိုက်ခြင်းခံရမည်ဖြစ်သည်။ သို့ရာတွင် ကုန်ပစ္စည်း မရောက်ရှိမီ အကောက်ခွန် ဦးစီးဌာနမှ ကုန်လှောင်ရုံသွင်းရန် ခွင့်ပြုချက် ရရှိထားပြီးသည့် ကြေညာလွှာများအတွက်မူ ဒဏ်တပ်ရိုက်ခြင်းမှ ကင်းလွတ်စေရမည်။

၂၈။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းသည့် Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းမရောက်ရှိမီ Manual စနစ် Unnoted ဖြင့် ခွင့်ပြုနိုင်ပါရန် အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ထံ တင်ပြရမည်။

(ခ) ခွင့်ပြုချက်ရရှိပါက သွင်းကုန်ကြေညာလွှာ ယာဘက် ထောင့်စွန်းတွင် Into Bond၊ Ship Store စသဖြင့် သက်ဆိုင်ရာ အမျိုးအစားအလိုက် တံဆိပ်တုံးများ ရိုက်နှိပ်

ရမည်။ ကုန်ပစ္စည်း ရောက်ရှိလာချိန်တွင် Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန် ကြေညာလွှာ အား Master Cargo Manifest ၊ Invoice ၊ Packing List ၊ Bill of Lading သို့မဟုတ် Airway Bill သို့မဟုတ် Truck Note/ Cargo Receipt များနှင့် တိုက်ဆိုင်စစ်ဆေးပြီး သွင်းကုန်စာရင်း မှတ်ပုံတင်ရမည်။

(ဂ) စစ်ဆေးပြီး မှန်ကန်ပါက ကွန်ပျူတာတွင် စာရင်းသွင်း၍ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ငွေစာရင်းဌာနစိတ်သို့ ပေးပို့ရမည်။ ထို့နောက် သွင်းကုန်ကြေညာလွှာအား အကောက်ခွန်ချိပ်စည်းတံဆိပ် (Customs Seal) ပိတ်၍ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံ ပေးပို့ရမည်။

၂၉။ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) Preliminary Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာဖြင့် တင်သွင်းလာသော ကြေညာလွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်ပါက အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိက ကြိုတင်စစ်ဆေးမှုများကို MACCS Standard Operating Procedure တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ထားနိုင်သည်။

(ခ) ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးရမည်။

(ဂ) ကြေညာလွှာအား စစ်ဆေးပြီးစီး၍ ကိုက်ညီမှန်ကန်မှုရှိပါက မျက်မြင်စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာ ကုန်လှောင်ရုံမှူးမှ ကုန်ပစ္စည်းများအား ကုန်လှောင်ရုံသို့ ထည့်သွင်းရာတွင် တာဝန်ကျ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။ တာဝန်ကျ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိများသည် ကုန်လှောင်ရုံမှူး သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်နှင့် အတူ Seal (Line Seal/ Customs Seal) ပျက် မပျက် စစ်ဆေး၍ Prior Entry သွင်းကုန် ကြေညာလွှာ၊ Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာ၊ Bill of Lading သို့မဟုတ် Manifest၊ Airway Bill သို့မဟုတ် Truck Note/ Cargo Receipt၊ Invoice၊ Packing List များပေါ်ရှိ အချက်အလက်များနှင့် မျက်မြင် တိုက်ဆိုင်စစ်ဆေးပြီး ဓာတ်ပုံမှတ်တမ်းများ ရယူရမည်။

(င) မှန်ကန်ပါက MACCS စနစ် ဖြင့် တင်သွင်းထားသော ကြေညာလွှာများအတွက် NA02A မှတ်ချက်ရေးသားခြင်း၊ TK02A စာရင်း ရေးသွင်းခြင်းနှင့် CEA Service ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းထားသော ကြေညာလွှာများအတွက် မှတ်ချက်ရေးသားကာ လက်မှတ်ရေးထိုးရမည်။ (NA02A မှတ်ချက်ရေးသားခြင်း နှင့် TK02A စာရင်းရေးသွင်းခြင်း

တွင် ကုန်လှောင်ရုံသွင်းသည့်နေ့မှ စတင်ကာ ၃ နှစ် ပြည့်မြောက်မည့်နေ့စွဲကို တိကျစွာ မှတ်ချက်ရေးသွင်းရမည်။)

(စ) ကြေညာလွှာပါအချက်အလက်များနှင့် ကွဲလွဲချက်များ တွေ့ရှိပါက အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိမှ သီးခြားအစီရင်ခံစာဖြင့် အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်၊ ရာဖြတ်/စာရင်းစစ်အဖွဲ့သို့ တင်ပြပြီး တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများအား အခြားဌာနမှ ထောက်ခံချက်များ ရယူထားရန် လိုအပ်ခြင်း**

၃၀။ အခြားဌာနမှ ထောက်ခံချက် ရယူထားရန် လိုအပ်သည့် ကုန်ပစ္စည်းများအား နမူနာပစ္စည်း ထုတ်ယူခြင်းကို ကုန်ပစ္စည်းဝင်ရောက်သည့် ဆိပ်ကမ်း/ ဝင်ပေါက်တွင်ဖြစ်စေ၊ ကုန်ပစ္စည်း လက်ခံမည့် ကုန်လှောင်ရုံသို့ ရောက်ရှိချိန်တွင်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၃၁။ ကြေညာလွှာတင်သွင်းသူအနေဖြင့် သက်ဆိုင်ရာဆိပ်ကမ်းတွင် နမူနာ ပစ္စည်းထုတ်ယူလိုပါက Preliminary Into Bond ID တင်သွင်းချိန်၌ Note 1 အကွက်တွင် '..... ဆိပ်ကမ်း၌ ...... ရက်နေ့တွင် နမူနာပစ္စည်း ထုတ်ယူခွင့်ပြုနိုင်ပါရန်' ဟူသော စာသားအား ရေးသား ဖော်ပြထားရမည်ဖြစ်ပြီး ဆိပ်ကမ်း/ ဝင်ပေါက် အကောက်ခွန်စခန်းရှိ အကောက်ခွန်အဖွဲ့မှ ဖွင့်ဖောက်လိုက်ရသည့် ကုန်သေတ္တာအား အကောက်ခွန်စည်းတံဆိပ်ခပ်နှိပ်ခြင်းကို ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာအမှတ်၊ Bonded Transportation Declaration အမှတ်တို့ဖြင့် စာရင်းရေးသွင်းရမည်။

၃၂။ Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာဖြင့် ကုန်လှောင်ရုံသွင်းထားသည့် ကုန်ပစ္စည်းများအနက် အခြားဌာနများ၏ ထောက်ခံချက်လိုအပ်သော ကုန်ပစ္စည်းများအား ကုန်လှောင်ရုံမှ ပြန်လည်ထုတ်ဆောင်ခြင်း မပြုမီ Before Declaration Status ဖြင့် Approval ရယူထားရန် လိုအပ်ပါသည်။

၃၃။ Approval ရရှိပြီးပါက ကုန်ပစ္စည်းတင်သွင်းသူမှ သက်ဆိုင်ရာ ကုန်လှောင်ရုံမှူးထံ Approval No. အား အကြောင်းကြားရမည်။

၃၄။ သက်ဆိုင်ရာ ကုန်လှောင်ရုံမှူးမှ Approval No. အား ကုန်လှောင်ရုံစီမံခန့်ခွဲမှု ဆိုင်ရာစနစ်ရှိ Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာ အချက်အလက် စာရင်းတွင် ဖြည့်စွက် မှတ်တမ်းတင်ရမည်။

၃၅။ Approval No. မရရှိသေးသော Into Bond ID ကုန်လှောင်ရုံသွင်း- သွင်းကုန်ကြေညာလွှာပါကုန်ပစ္စည်းများအား ကုန်လှောင်ရုံမှ ထုတ်ယူရန် ဆောင်ရွက်လာပါက ကုန်လှောင်ရုံမှူးမှ ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံ အကြောင်းကြားရမည်။ အကြောင်းကြားရန် ပျက်ကွက်ပါ

က ကုန်လှောင်ရုံမှူးနှင့် ကုန်ပစ္စည်းတင်သွင်းသူတို့တွင် တာဝန်ရှိသည်။

**ပြည်တွင်းစားသုံးမှု (Home Consumption) အတွက် ကုန်လှောင်ရုံအတွင်းမှ ပစ္စည်းထုတ်ယူခြင်း**

၃၆။ ကုန်ပစ္စည်းထုတ်ယူလိုသူမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်တွင်းစားသုံးမှု (Home Consumption) အတွက် ကုန်ပစ္စည်းထုတ်ယူရာတွင် Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာ ကို တင်သွင်းရမည်။ ယင်း၏ First Approval Warehousing No အကွက်နေရာ၌ Into Bond ID ကုန်လှောင်ရုံသွင်း - သွင်းကုန်ကြေညာလွှာ No. နှင့် ရက်စွဲအား ဖြည့်စွက်ရမည်။

(ခ) အခြားဌာနမှ ထောက်ခံချက် တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များအတွက် သွင်းကုန်ကြေညာလွှာအမှတ်နှင့် ရရှိထားသည့် Approval No. အား Note 1 အကွက်တွင် ဖြည့်စွက်ရမည်။ ( ဥပမာ- 100012345678 / 800001234567, 10001231234 / 800001231234,... )

(ဂ) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာ တင်သွင်းမည်ဆိုပါက မူလကုန်လှောင်ရုံသွင်းစဉ်က အသုံးပြုခဲ့သော Into Bond ID ကုန်လှောင်ရုံသွင်း - သွင်းကုန်ကြေညာလွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(၁) ပြည်တွင်းစားသုံးမှုအတွက် ခွင့်ပြုသည့် သွင်းကုန် လိုင်စင်/ ပါမစ်၊

(၂) Non Licence ဖြင့် အကျုံးဝင်သော ပစ္စည်းများဖြစ်ပါက Sale Contract၊

(၃) ကုန်တန်ဖိုး စာရင်း (Invoice)၊

(၄) ကုန်ထုပ်ပိုးစာရင်း (Packing List)၊

(၅) ကုန်ပစ္စည်းထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာ၊

(၆) လိုအပ်ပါက ငွေလွှဲစာရွက်စာတမ်း အထောက်အထားများနှင့် အခြားဌာနများမှ ထောက်ခံချက်များ ပူးတွဲတင်ပြရမည်။

(ဃ) စည်းကြပ်မှု ခံယူပြီး အကောက်ခွန်စစ်ဆေးရေးအရာရှိထံတွင် မျက်မြင် စစ်ဆေးမှု ခံယူ၍ ကျသင့်အခွန်များ ပေးဆောင်ပြီး Release Order ရရှိပါက ကုန်လှောင်ရုံမှူးထံ အကြောင်းကြား၍ ပစ္စည်းထုတ်ယူနိုင်သည်။

၃၇။ အကောက်ခွန်ဦးစီးဌာနမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) MACCS စနစ်ဖြင့် တင်သွင်းထားသော Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာအား စစ်ဆေးရာတွင် MACCS Standard Operating Procedure အတိုင်း ဆောင်ရွက်ရမည်။

(ခ) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာ တင်သွင်းမည်ဆိုပါက အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) Noting စစ်ဆေးခြင်း၊ ကြေညာလွှာနှင့် သက်ဆိုင်သည့် ကုန်လှောင်ရုံ စီမံခန့်ခွဲမှုစနစ်မှ ရရှိသော ကုန်ပစ္စည်းအဝင်/အထွက်/ လက်ကျန် စာရင်းအား စစ်ဆေးခြင်းနှင့် ပူးတွဲတင်ပြသည့် စာရွက်စာတမ်း အထောက်အထားများအား တိုက်ဆိုင်စစ်ဆေးရမည်။

(၂) Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာ တွင် မှတ်ပုံတင်နံပါတ်နှင့်ရက်စွဲကို ဖြည့်စွက်၍ Ex-Bond ဟု ရိုက်နှိပ်ဖော်ပြပြီး ယင်းတွင် Into Bond နံပါတ်နှင့် ရက်စွဲများ ထည့်သွင်း ဖော်ပြရမည်။

(၃) ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း (Classification)၊ တန်ဖိုးသတ်မှတ်ခြင်း (Valuation)၊ စည်းကြပ်ခြင်း (Assessment) ပြုလုပ်ရမည်။

(၄) စစ်ဆေးပြီး မှန်ကန်ပါက ကွန်ပျူတာတွင် စာရင်းသွင်း၍ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ငွေစာရင်းဌာနစိတ်သို့ ပေးပို့ရမည်။ ထို့နောက် ထုတ်ကုန်ကြေညာလွှာအား အကောက်ခွန်ချိပ်စည်းတံဆိပ် (Customs Seal) ပိတ်၍ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံ ပေးပို့ရမည်။

(ဂ) ကုန်လှောင်ရုံ အကောက်ခွန်စစ်ဆေးရေးအရာရှိမှ စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီး၊ Ex-bond ID ကုန်လှောင်ရုံထုတ် - သွင်းကုန်ကြေညာလွှာတွင် ဖော်ပြချက်များနှင့် ကုန်လှောင်ရုံမှထုတ်ယူမည့် ကုန်ပစ္စည်းအမျိုးအမည်၊ အလေးချိန်၊ အရေအတွက် မှန်ကန်မှု ရှိ/မရှိ နှင့် ကုန်လှောင်ရုံ စီမံခန့်ခွဲမှုစနစ်ရှိ ကုန်ပစ္စည်း အဝင်/အထွက် စာရင်းများအား စစ်ဆေးရမည်။ စစ်ဆေးချက်များအား ဓာတ်ပုံမှတ်တမ်းများ ရယူရမည်။

(ဃ) အခြားဌာနမှ ထောက်ခံချက်လိုအပ်သည့် ကုန်ပစ္စည်းများအတွက် Approval ရရှိပြီးခြင်း ရှိ/မရှိအား ကြေညာလွှာ၏ Note အကွက်ပါ ကြေညာလွှာအမှတ်နှင့် Approval No. များအား IOZ သို့မဟုတ် DLO01 Service ဖြင့် စစ်ဆေးရမည်။

(င) စိစစ်မှန်ကန်ပါက MACCS စနစ် ဖြင့် တင်သွင်းထားသော ကြေညာလွှာများအတွက် မှတ်ချက်ရေးသားခြင်း၊ TK02A စာရင်း ရေးသွင်းခြင်းနှင့် CEA Service ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းထားသော ကြေညာလွှာများအတွက် မှတ်ချက်ရေးသားကာ လက်မှတ်ရေးထိုးရမည်။

(စ) စစ်ဆေးရာတွင် Ex-Bond ID တင်သွင်းသည့်နေ့သည် ကုန်လှောင်ရုံသွင်းသည့်နေ့မှ

၃ နှစ်အတွင်း အကြိုးဝင်ခြင်း ရှိ/မရှိ အား အထူးဂရုပြု စစ်ဆေးရမည်။

(ဆ) Release Order ရရှိပြီးပါက ကုန်ပစ္စည်းများ ထုတ်ယူခွင့်ပေးရမည်ဖြစ်ပြီး မှားယွင်းမှု တစ်စုံတစ်ရာ တွေ့ရှိပါက ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ထံ တင်ပြ၍ ကုန်ပစ္စည်းများအား ယာယီတားဆီးမှုပြုလုပ်ရမည်။

(ဇ) ပြီးပြတ်သော Case File အား အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်၊ ရေဖြတ်/စာရင်းစစ်အဖွဲ့မှတစ်ဆင့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲသို့ ပေးပို့ရမည်။

**Ex-Bond ED ကုန်လှောင်ရုံထုတ် - ထုတ်ကုန်ကြေညာလွှာ ဖြင့် ပြည်ပသို့ ပြန်လည်တင်ပို့ရန်အတွက် ကုန်ပစ္စည်းများ ထုတ်ယူခြင်း**

၃၈။ ကုန်ပစ္စည်းထုတ်ယူလိုသူမှ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်ပသို့တင်ပို့ရန်အတွက် ဆောင်ရွက်ရာတွင် Ex-Bond ED ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာ ဖွင့်လှစ်ရမည်။ ယင်း ထုတ်ကုန်ကြေညာလွှာနှင့် အတူ Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ၊ ကုန်တန်ဖိုးစာရင်း (Invoice)၊ ကုန်ထုပ်ပိုးမှု စာရင်း (Packing List)၊ ကုန်လှောင်ရုံ၏ အဝင်/အထွက် စာရင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် မူလကုန်လှောင်ရုံသို့ ထည့်သွင်းစဉ်က တင်ပြခဲ့သော စာရွက်စာတမ်း မူရင်းများနှင့် လိုအပ်သော အထောက်အထား စာရွက်စာတမ်းမူရင်းများ ပူးတွဲတင်ပြရမည်။

(ခ) Ex-Bond ED ကုန်လှောင်ရုံထုတ်- ထုတ်ကုန် ကြေညာလွှာ၏ Note 1 အကွက်တွင် မူလတင်သွင်းခဲ့သော Into Bond ID ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ နံပါတ်နှင့် ခွင့်ပြုချက် (Release Order (RO) ရရှိသည့် ရက်စွဲအား မဖြစ်မနေ ဖြည့်စွက်ရမည်။

(ဂ) အစစ်ဆေးခံပြီးနောက် ကုန်ပစ္စည်းတင်ပို့လိုသူမှ ကျသင့်သော MACCS Fees ပေးဆောင်ရမည်ဖြစ်ပြီး Allowed Shipment သို့မဟုတ် ကုန်ပစ္စည်းတင်ဆောင်ရန် ခွင့်ပြုချက်ရရှိမှသာ အဆိုပါကုန်ပစ္စည်းများအား တင်ပို့ရန်အတွက် ကုန်လှောင်ရုံအတွင်းမှ ထုတ်ယူခွင့် ရှိပါသည်။

၃၉။ အကောက်ခွန်ဦးစီးဌာနမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) MACCS စနစ်ဖြင့် တင်သွင်းထားသော Ex-Bond ED ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာအား စစ်ဆေးရာတွင် MACCS Standard Operating Procedure အတိုင်း ဆောင်ရွက်ရမည်။

(ခ) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် Ex-Bond ED ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာတင်သွင်းမည်ဆိုပါက အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/စာရင်းစစ်အဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) Noting စစ်ဆေးခြင်း ကြေညာလွှာနှင့် သက်ဆိုင်သည့် ကုန်လှောင်ရုံ စီမံခန့်ခွဲမှုစနစ်မှ ရရှိသော ကုန်ပစ္စည်းအဝင်/အထွက်/ လက်ကျန်စာရင်းအား စစ်ဆေးခြင်းနှင့် ပူးတွဲတင်ပြသည့် စာရွက်စာတမ်း အထောက်အထားများ အား တိုက်ဆိုင်စစ်ဆေးရမည်။

(၂) Ex-Bond ED ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာတွင် မှတ်ပုံတင် နံပါတ်နှင့် ရက်စွဲကို ဖြည့်စွက်၍ Ex-Bond ဟု ရိုက်နှိပ်ဖော်ပြပြီး ယင်းတွင် Into Bond နံပါတ်နှင့် ရက်စွဲများ ထည့်သွင်း ဖော်ပြရမည်။

(၃) သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် စစ်ဆေးပြီး မှန်ကန်ပါက ကွန်ပျူတာတွင် စာရင်းသွင်း၍ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ငွေစာရင်းဌာနစိတ်သို့ပေးပို့ရမည်။ထို့နောက် ကုန်လှောင်ရုံထုတ်- ထုတ်ကုန် ကြေညာလွှာအား အကောက်ခွန် ချိပ်စည်းတံဆိပ် (Customs Seal) ပိတ်၍ ကုန်လှောင်ရုံ အကောက်ခွန်စစ်ဆေးရေး အရာရှိထံပေးပို့ရမည်။

(ဂ) ကုန်လှောင်ရုံ အကောက်ခွန်စစ်ဆေးရေးအရာရှိက Ex-Bond ED ကုန်လှောင်ရုံ ထုတ်- ထုတ်ကုန်ကြေညာလွှာနှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက MACCS စနစ် ဖြင့် တင်သွင်းထားသော ကြေညာလွှာများအတွက် မှတ်ချက်ရေးသားခြင်း၊ TK02B စာရင်းရေးသွင်းခြင်းနှင့် CEE Service ဆောင်ရွက်ပေးရမည် ဖြစ်ပြီး သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းထားသော ကြေညာလွှာ များအတွက် မှတ်ချက်ရေးသားကာ လက်မှတ်ရေးထိုးရမည်။

(ဃ) စစ်ဆေးရာတွင် Ex-Bond ED တင်သွင်းသည့်နေ့သည် ကုန်လှောင်ရုံ သွင်းသည့် နေ့ မှ ၃ နှစ် အတွင်း အကျုံးဝင်ခြင်း ရှိ/မရှိအား အထူးဂရုပြု စစ်ဆေးရမည်။

(င) Allowed shipment ရရှိပြီး ကုန်သေတ္တာ/ ကုန်ပစ္စည်းအထုပ်များအား Customs Seal (Paper/Metal) ခပ်နှိပ်၍ သက်ဆိုင်ရာ ထွက်ပေါက် အကောက်ခွန်စခန်းသို့ သယ်ဆောင်ရန် ထုတ်ယူခွင့်ပြုရမည်။

(စ) ထွက်ပေါက် အကောက်ခွန်စခန်း အကောက်ခွန်အရာရှိမှ Seal Intact နှင့် လိုအပ် သော စစ်ဆေးမှုများ ပြုလုပ်ပြီး ကုန်ပစ္စည်းတင်ဆောင်ခွင့်ပြုကြောင်း Case File ပေါ်တွင် မှတ်ချက်ပြုရေးသား၍ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်သို့ ပြန်လည် ပေးပို့ရမည်။

(ဆ) အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှဘဏ္ဍာရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲသို့ အပြီးသတ် စာရင်းစစ်ဆေးရန် ပေးပို့ရမည်။

**ကုန်လှောင်ရုံတစ်ခုမှ တစ်ခုသို့ သို့မဟုတ် သက်ဆိုင်ရာ ဆိပ်ကမ်းမှ ကုန်လှောင်ရုံသို့ ပစ္စည်းများ ရွှေ့ပြောင်းခြင်း**

၄၀။ ကုန်ပစ္စည်းများအား ကုန်လှောင်ရုံတစ်ခုမှ တစ်ခုသို့ သို့မဟုတ် သက်ဆိုင်ရာ ဆိပ်ကမ်းမှ ကုန်လှောင်ရုံသို့ ရွှေ့ပြောင်းရာတွင် အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုသည့်လမ်းကြောင်းနှင့် အချိန် ကာလအတွင်း သယ်ဆောင်ရမည်။

၄၁။ ကုန်ပစ္စည်းရွှေ့ပြောင်းလိုသူမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းရွှေ့ပြောင်းလိုသူသည် MACCS စနစ်ဖြင့် OLB/OLA/OLC Service ကို အသုံးပြု၍ ကုန်ပစ္စည်း စတင်ထွက်ခွာမည့် ဆိပ်ကမ်း/ဝင်ပေါက်အကောက်ခွန် စခန်းသို့ ဦးတည်၍ Bonded Transportation Declaration တင်သွင်းရမည်။ Bonded Transportation Declaration တင်သွင်းပြီးချိန်တွင် Into Bond ID အား Preliminary အဖြစ် တစ်ပါတည်း တင်သွင်းပြီး ဖြစ်ရမည်။ သမားရိုးကျ နည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းသော Into Bond ID များမှာမူ Noting စစ်ဆေး သည့် အဆင့်အား ဆောင်ရွက်ပြီးစီးသည့် အခြေအနေဖြစ်ရမည်။

(ခ) ကုန်ပစ္စည်းများအား ကုန်လှောင်ရုံတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းရာတွင် MACCS စနစ်ဖြင့် OLB/OLA/OLC Service ကို အသုံးပြု၍ ကုန်ပစ္စည်း စတင်ထွက်ခွာ မည့် အကောက်ခွန်ကုန်လှောင်ရုံသို့ ဦးတည်၍ Bonded Transportation Declaration တင်သွင်းရမည်။

(ဂ) အကြောင်းအမျိုးမျိုးကြောင့် MACCS စနစ်ဖြင့် ဆောင်ရွက်၍မရနိုင်သည့် အခြေအနေများတွင် သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် ပစ္စည်းများ ရွှေ့ပြောင်းရန် လျှောက်ထားလိုပါက အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်သို့ လိပ်မူ၍ သက်ဆိုင်ရာ ကုမ္ပဏီ/ ဌာနက ရွှေ့ပြောင်းလိုသည့် ကုန်လှောင်ရုံ၊ ပစ္စည်း အမျိုးအစား၊ အရေအတွက်နှင့် မည်သည့်အတွက် ရွှေ့ပြောင်းလိုသည်တို့ကို နောက်ဆက်တွဲ (င) တွင် ဖော်ပြထားသည့် လျှောက်လွှာ ပုံစံဖြင့် လျှောက်ထား ရမည်။

(ဃ) ထိုသို့လျှောက်ထားရာတွင် Manual လျှောက်လွှာကို မူလ ကုန်လှောင်ရုံသွင်း-သွင်း ကုန်ကြေညာလွှာ (Into Bond ID) နှင့် အတူ ပူးတွဲတင်ပြခဲ့သည့် ကုန်တန်ဖိုး စာရင်း (Invoice)၊ ကုန်ထုပ်ပိုးပုံစာရင်း (Packing List) ၊ စာရွက်စာတမ်းများ၊ ကုန်လှောင်ရုံ၏ အဝင်/ အထွက်စာရင်း စသည်တို့ဖြင့် ပူးတွဲတင်ပြရမည်။

(င) Bonded Transportation Approval ရရှိမှသာ ကုန်ပစ္စည်းအား ရွှေ့ပြောင်း သယ်ဆောင်ခွင့် ရရှိမည်။

၄၂။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့အနေဖြင့် MACCS စနစ်ဖြင့် ဆောင်ရွက်၍မရနိုင်သည့် အခြေအနေများတွင် Manual စနစ်ဖြင့် လျှောက်ထားလာသည့် စာရွက်စာတမ်းများနှင့် အချက်အလက်ကိုက်ညီမှုနှင့် ရွှေ့ပြောင်းမည့် ပစ္စည်းအမျိုးအစား၊ အရေအတွက် တို့အား မှန်ကန်မှု ရှိ/မရှိ ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ထံ တင်ပြရမည်။

၄၃။ ဆိပ်ကမ်း/ဝင်ပေါက် အကောက်ခွန်အရာရှိ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) MACCS စနစ်ဖြင့် Bonded Transportation Declaration တင်သွင်းထားပါက ITF Service ဖြင့် ကြည့်ရှုကာ CEO Service ဖြင့် Approval ဆောင်ရွက်ပေးရမည်။

(ခ) ခွင့်ပြုချက် သို့မဟုတ် Approval ရရှိပါက ဆိပ်ကမ်း/ဝင်ပေါက် အကောက်ခွန်အရာရှိ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိသည် ရွှေ့ပြောင်းသယ်ယူမည့် ပစ္စည်းများအား စစ်ဆေးပြီး အကောက်ခွန်ချိပ်စည်းတံဆိပ် (Customs Seal) ပိတ်၍ ပစ္စည်းသယ်ယူခွင့်ပြုရမည်။

(ဂ) ကုန်ပစ္စည်းများ လက်ခံမည့်နေရာရှိ အကောက်ခွန်စစ်ဆေးရေးအရာရှိသည် MACCS စနစ်ဖြင့် Bonded Transportation Declaration တင်သွင်းထားပါက ITF Service ဖြင့် Approval ရရှိထားခြင်း ရှိ/မရှိ စိစစ်ရမည်။

(ဃ) Manual ဖြင့် လျှောက်ထားပါက ရွှေ့ပြောင်းသယ်ဆောင်ခွင့် ရရှိထားခြင်း ရှိ/မရှိ စိစစ်ရမည်။

(င) ကုန်ပစ္စည်းများအား အကောက်ခွန် ချိပ်စည်းတံဆိပ် (Customs Seal) သို့မဟုတ် Line Seal ပျက်ယွင်းမှု ရှိ/မရှိ စိစစ်ရမည်။

(စ) အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိသည် ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်းထည့်သွင်းခြင်းအား အပိုဒ် (၂၈) နှင့် (၂၉) အရ ဆက်လက် ဆောင်ရွက်ရမည်။

**အကောက်ခွန်ကုန်လှောင်ရုံများအား စာရင်းစစ်ဆေးခြင်း**

၄၄။ အကောက်ခွန်ကုန်လှောင်ရုံ စာရင်းစစ်ဆေးမှုနှင့် ကြီးကြပ်ခြင်း ကိစ္စရပ်များအတွက် ကုန်လှောင်ရုံ ဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှရာဖြတ်/စာရင်းစစ်အဖွဲ့သည် ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူများမှ တင်ပြလာသော Into Bond ID ကုန်လှောင်ရုံသွင်း-သွင်း ကုန်ကြေညာလွှာ၊ Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာ၊ Ex-Bond ED ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာများအား ကတိခံဝန်ချုပ် မှတ်ပုံတင်ပါ ပစ္စည်းစာရင်းများကို ၁ လ ၁ ကြိမ် စာရင်းစစ်ဆေးမှု ပြုလုပ်ရမည်။

(ခ) ၃ လ ၁ ကြိမ် ကုန်လှောင်ရုံများ၏ ကုန်လှောင်ရုံ အဝင်/ အထွက်စာရင်းများနှင့် ကုန်လှောင်ရုံ လက်ကျန်စာရင်းများကို တိုက်ဆိုင်စစ်ဆေးရမည်။

(ဂ) Ex-Bond ID ကုန်လှောင်ရုံထုတ်-သွင်းကုန်ကြေညာလွှာများအား လုပ်ထုံးလုပ်နည်းနှင့် အညီ ကျသင့်အခွန်အခများ ပေးဆောင်ထားခြင်းရှိ/မရှိစစ်ဆေးရမည်။ Into Bond ID ကုန်လှောင်ရုံထုတ် - သွင်းကုန်ကြေညာလွှာ နှင့် Ex-Bond ID ကုန်လှောင်ရုံထုတ်- သွင်းကုန်ကြေညာလွှာ / Ex-Bond ED ကုန်လှောင်ရုံထုတ်-ထုတ်ကုန်ကြေညာလွှာများအား တိုက်ဆိုင်စစ်ဆေးရမည်။

(ဃ) ကုန်လှောင်ရုံသွင်းကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရာဖြတ်/စာရင်းစစ်အဖွဲ့မှ ၁ လ လျှင် ၁ ကြိမ် သို့မဟုတ် အခါအားလျော်စွာ အချို့ပစ္စည်းများကို ရွေးချယ်စစ်ဆေးခြင်းနှင့် နှစ်စဉ် စက်တင်ဘာလအတွင်း ပစ္စည်းလက်ကျန်များကို နှစ်ချုပ်စာရင်း ကောက်ယူစစ်ဆေးခြင်း ပြုလုပ်ရမည်။

(င) ကုန်လှောင်ရုံအတွင်းသို့ ထည့်သွင်းသည့်နေ့မှ ၃ နှစ်ပြည့်သောနေ့ရက်တွင် Ex-Bond မပြုလုပ်ရသေးသောပစ္စည်းများအတွက် ကျသင့်သည့်အခွန်များ ကောက်ခံရမည်ဖြစ်ရာ ထိုသို့အချိန်စေ့သောနေ့ရက်တွင်လည်း ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ စာရင်းကောက်ယူခြင်း ပြုလုပ်နိုင်ရန်အတွက် ကုန်လှောင်ရုံ၌လည်းကောင်း၊ သက်ဆိုင်ရာနေရာများ၌ လည်းကောင်း ပစ္စည်းများစစ်ဆေးခြင်း ပြုလုပ်ရမည်။

(စ) ကုန်လှောင်ရုံတွင်ထားရှိသော ကုန်ပစ္စည်းများမှာ ၃ နှစ်အတွင်း Ex-Bond ပြုလုပ်ခြင်း မရှိပါက အခွန်အခများ စည်းကြပ်ကောက်ခံနိုင်ရေး သို့မဟုတ် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်ရေး သို့မဟုတ် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ အရ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ဆက်လက်တင်ပြ ဆောင်ရွက်ရမည်။

(ဆ) ကုန်လှောင်ရုံများအား စာရင်းစစ်ဆေးရာတွင် အကောက်ခွန်ကြေညာလွှာများ စာရင်းကိုရယူရန်အတွက် တောင်းဆိုသည့်အခါ ထုတ်ကုန်/သွင်းကုန်ကြီးကြပ်ရေး ဌာနခွဲ၊စာရင်းအင်းဌာနစိတ်နှင့် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ ပံ့ပိုးပေးရမည်။

**အကောက်ခွန် ကုန်လှောင်ရုံလိုင်စင် ပြင်ဆင်ခြင်းနှင့် တည်နေရာ ပြောင်းလဲခြင်း**

၄၅။ ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူများမှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အကောက်ခွန် ကုန်လှောင်ရုံ အသစ်ဖွင့်လှစ်သည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည်။

(ခ) အကောက်ခွန် ကုန်လှောင်ရုံလိုင်စင် ပြင်ဆင်မှုလျှောက်လွှာတွင် ကုမ္ပဏီအသေးစိတ် အချက်အလက်များ ပြောင်းလဲမည်ဆိုပါက ၎င်းနှင့်ဆက်စပ်နေသည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် ပါရှိသည့် ကုမ္ပဏီအမည် ပြောင်းလဲမှုနှင့် အခြားလိုအပ်သည့် အထောက်အထားများတွင် ပြင်ဆင်ထားသည့် ကုမ္ပဏီအသစ်၏ မှတ်ပုံတင် သက်သေခံလက်မှတ်များအား ပူးတွဲတင်သွင်းရမည်။

၄၆။ အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်၊ ရုံးအဖွဲ့မှ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အကောက်ခွန် ကုန်လှောင်ရုံအသစ်လျှောက်ထားခွင့်ပြုမှုအတွက် အပိုဒ် ၃ ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်။

(ခ) စစ်ဆေး၍ ကိုက်ညီမှန်ကန်ပါက ပြင်ဆင်ပြောင်းလဲရန် ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ထံမှ ခွင့်ပြုချက် ရယူရမည်။

(ဂ) အကောက်ခွန်ပုံစံ ၁၂၆ (CR-126) ထပ်မံထုတ်ပေး၍ မူလမှတ်တမ်းစာရင်းတွင် ပြင်ဆင်ချက်မှတ်တမ်းတင်ရမည်။

(ဃ) ပြင်ဆင်ပြောင်းလဲသော အချက်များအား ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲသို့ ပေးပို့ပြီး ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲဌာနခွဲမှ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးရမည်။

**အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် သက်တမ်းတိုးခြင်း**

၄၇။ ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူမှ သက်တမ်းတိုးလိုပါက အမိန့်ကြော်ငြာစာအမှတ် (၆၈ /၂၀၁၉) နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အကောက်ခွန်ပုံစံ ၁၂၇ (CR-127) လျှောက်လွှာဖြင့် ပြန်လည်လျှောက်ထားရမည်။ မူလလျှောက်ထားစဉ်က ပူးတွဲတင်ပြခဲ့သော သက်တမ်းကန့်သတ်ချက် ရှိသည့် အမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၄ တွင် သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

(ခ) အကောက်ခွန်ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းလက်ကျန်နှင့် အဆောက်အဦအား ယခင်အတိုင်း ပြောင်းလဲခြင်းရှိ/မရှိကို အစစ်ဆေးခံနိုင်ရန် ပြင်ဆင်ထားရမည်။

(ဂ) လိုင်စင်သက်တမ်း မကုန်မီ အနည်းဆုံး ၃ လ ကြိုတင်၍ သက်တမ်းတိုး လျှောက်လွှာတင်သွင်းရမည်။

(ဃ) သက်တမ်းတိုး ဆိုင်းငံ့ခံရပါက အကောက်ခွန်ကုန်လှောင်ရုံအတွင်းမှ လက်ကျန် ကုန်ပစ္စည်းများကို ရက်ပေါင်း ၆၀ အတွင်း အမြန်ဆုံး ထုတ်ယူရန် ကုန်ပစ္စည်း ပိုင်ရှင်များထံသို့ အကြောင်းကြားရမည်။

(င) အကောက်ခွန် ကုန်လှောင်ရုံ သက်တမ်းတိုးမြင့်မှု နောက်ကျပါက အမိန့် ကြော်ငြာစာ၏ အပိုဒ် ၂၃ တွင် သတ်မှတ်ထားသည့် ဒဏ်ကြေးများအား အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်လျှောက်ထားသူမှ ပေးဆောင်ရမည်။

(စ) အကောက်ခွန်ဦးစီးဌာနမှ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ချိန်တွင် / လိုင်စင် သက်တမ်းကုန်ဆုံးပြီး သတ်မှတ်ကာလ ရက်ပေါင်း ၆၀ အတွင်း သက်တမ်း တိုးမြင့်ထားမှု မရှိပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်ခြင်းခံရ မည်။

၄၈။ အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်မှ သက်တမ်းတိုးခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သက်တမ်းတိုး လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြလာသော စာရွက်စာတမ်းများ အား စစ်ဆေးရမည်။

(ခ) အကောက်ခွန် ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိမှ အကောက်ခွန်ကုန်လှောင်ရုံ အတွင်းရှိ ကုန်ပစ္စည်းလက်ကျန်နှင့် အဆောက်အဦအား ယခင်အတိုင်း ပြောင်းလဲ ခြင်း ရှိ/မရှိ ကို စစ်ဆေးတင်ပြရမည်။

(ဂ) ရာဖြတ်/ စာရင်းစစ်အဖွဲ့တို့မှ ကြေညာလွှာကြွေးကျန်နှင့် အခွန်ကြွေးကျန်များ ရှိ/မရှိ ကို စစ်ဆေးရမည်။

(ဃ) သက်တမ်းတိုးသည့်အချိန်တွင် မြေပြင်စစ်ဆေးတွေ့ရှိချက်အရ သတ်မှတ်ချက် များနှင့် ကိုက်ညီမှုမရှိဟု တင်ပြလာပါက စစ်ဆေးနေစဉ်ကာလတွင် လိုင်စင်ကို သက်တမ်းတိုးခွင့်မပြုဘဲဆိုင်းငံ့ထားရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခွင့်ပြုချက် ရယူပြီး ဆိုင်းငံ့ထားရှိရမည်။

(င) လိုင်စင်ကို ဆိုင်းငံ့ထားစဉ်ကာလအတွင်း အကောက်ခွန်ကုန်လှောင်ရုံ အတွင်းသို့ ကုန်ပစ္စည်းများ ထည့်သွင်းခြင်းကို ရပ်ဆိုင်းထားရမည်။ အကောက်ခွန် ကုန်လှောင်ရုံ၏ ဆိုင်းငံ့ခြင်းနှင့် ဆိုင်းငံ့မှုပယ်ဖျက်ခြင်း အချက်အလက်များအား ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲသို့ အကြောင်း ကြားရမည်။

(စ) အကောက်ခွန်ကုန်လှောင်ရုံ အတွင်းမှ လက်ကျန်ကုန်ပစ္စည်းများကို ရက်ပေါင်း

၆၀ အတွင်း အမြန်ဆုံးထုတ်ယူနိုင်ရေး ကုန်ပစ္စည်းပိုင်ရှင်များသို့ အကြောင်းကြားရန် ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူထံသို့ စာဖြင့် သတိပေးရမည်။

(ဆ) လိုင်စင်သက်တမ်းကုန်ဆုံးပြီး သတ်မှတ်ကာလ ရက်ပေါင်း ၆၀ အထိ သက်တမ်းတိုး မဆောင်ရွက်သော လိုင်စင်များအား ပယ်ဖျက်ရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

**အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် ဖျက်သိမ်းခွင့် တောင်းခံခြင်း**

၄၉။ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူများမှ ဖျက်သိမ်းခွင့်တောင်းခံလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူမှ မည်သည့်အတွက်ကြောင့် လိုင်စင်ဖျက်သိမ်းလိုကြောင်း အကျိုးအကြောင်း၊ အထောက်အထားနှင့်အတူ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်သို့ ကုန်လှောင်ရုံ ခွင့်ပြုသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ၃ လ ကြိုတင်၍ လျှောက်ထားရမည်။

(ခ) လိုင်စင်ဖျက်သိမ်းခွင့် တောင်းခံသူက ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများကို ရက်ပေါင်း ၆၀ အတွင်း ထုတ်ယူရန် အများပြည်သူသို့ ကြေညာရမည်။

(ဂ) ကုန်လှောင်ရုံလုပ်ငန်း ဆောင်ရွက်စဉ်က ကုန်ပစ္စည်းအဝင်/ အထွက် စာရင်းချုပ်အား တစ်ပါတည်း ပူးတွဲတင်ပြရမည်။ လိုင်စင်သက်တမ်းကုန်ဆုံးသည့် နေ့တွင် အကောက်ခွန်ကုန်လှောင်ရုံမှ တရားဝင်ရွှေ့ပြောင်းမှုနှင့် ကုန်လှောင်ရုံရှိ ကုန်ပစ္စည်းများ လက်ရှိဆောင်ရွက်နေမှုများအတွက် လိုင်စင်ဖျက်သိမ်းခြင်း မပြုမီ အပြီးသတ် ဆောင်ရွက်ရမည်။

(ဃ) အကောက်ခွန်ကုန်လှောင်ရုံမှ ကုန်ပစ္စည်းများ ရွှေ့ပြောင်းမှုကို လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် တင်ပြရမည်။

(င) ကုန်ပစ္စည်း လက်ကျန်အခြေအနေအား စစ်ဆေးမှုခံယူပြီး ကုန်ပစ္စည်းများ ကွဲလွဲမှုရှိပါက ကျသင့်အခွန်အခများနှင့် ဒဏ်ကြေးများကို ပေးဆောင်ရန် ဆောင်ရွက်ရမည်။

(စ) ကုန်လှောင်ရုံတွင် ကျန်ရှိသော ပစ္စည်းများမှာ ပိုင်ရှင်စွန့်လွှတ် သို့မဟုတ် ပိုင်ရှင်မဲ့ ကုန်ပစ္စည်းများဖြစ်ပါက လေလံတင် ရောင်းချခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကို အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

၅၀။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရုံးအဖွဲ့မှ လိုင်စင်ဖျက်သိမ်းခွင့် တောင်းခံခြင်း ကိစ္စရပ်များ အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) လိုင်စင် ဖျက်သိမ်းခွင့် တောင်းခံသူမှ ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများကို ထုတ်ယူရန် အများပြည်သူသို့ ကြေညာထားခြင်း ရှိ/မရှိ စစ်ဆေးရမည်။

(ခ) အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူမှ တင်ပြလာသည့် ကုန်ပစ္စည်း အဝင်/ အထွက် စာရင်းချုပ်အား စိစစ်၍ ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်း လက်ကျန်စာရင်းနှင့် စာရွက်စာတမ်းများအား ပြည့်စုံမှန်ကန်မှု ရှိ/မရှိစစ်ဆေး ရမည်။

(ဂ) အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ ပေးပို့သည့် စာရင်းများအရ ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းလက်ကျန်အခြေအနေများအား စစ်ဆေး အတည်ပြုပေးရမည်။

(၂) ကွဲလွဲတွေ့ရှိချက်များအား စည်းကြပ်ကောက်ခံနိုင်ရန် စစ်ဆေးချက် Note down မှတ်တမ်းနှင့်အတူ ပြန်လည်တင်ပြရမည်။

(ဃ) ကုန်လှောင်ရုံလိုင်စင် ဖျက်သိမ်းခြင်း အချက်အလက်များအား အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်မှ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ် ရေးဌာနခွဲသို့ Warehouse Code နှင့် Warehouse Operator လုပ်ပိုင်ခွင့် User Code အား ပိတ်သိမ်းပေးနိုင်ရန် ပေးပို့ရမည်။

(င) အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ ကုန်လှောင်ရုံလိုင်စင်ဖျက်သိမ်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရန် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး ဌာနခွဲသို့ ဆက်လက်ပေးပို့ရမည်။

၅၁။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၊ ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ လိုင်စင်ဖျက်သိမ်းခွင့် တောင်းခံခြင်း ကိစ္စရပ်များအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်လှောင်ရုံနှင့် ပတ်သက်သော စာရင်းဇယားများအား စစ်ဆေးရမည်။

(ခ) လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းခြင်း၊ ထုတ်ယူခြင်းနှင့် ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ထားရှိမှု ရှိ/မရှိ စစ်ဆေးရမည်။

(ဂ) အခွန်ကြွေးကျန်များ ကျန်ရှိမှု ရှိ/မရှိ၊ လျှော့နည်းအခွန်အခနှင့် ဒဏ်ကြေးများ တပ်ရိုက်ရန် ရှိ/မရှိ စစ်ဆေးရမည်။

(ဃ) ကုန်ပစ္စည်းများကွဲလွဲမှုအတွက် အခွန်အခများနှင့် ဒဏ်ကြေးများ ပေးဆောင်စေရန် သီးခြားအစီရင်ခံစာဖြင့် တင်ပြရမည်။

(င) ကုန်လှောင်ရုံတွင် ကျန်ရှိသော ပစ္စည်းများမှာ ပိုင်ရှင်မဲ့ကုန်ပစ္စည်းများဖြစ်ပါက လေလံတင်ရောင်းချခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကို မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာကုန်လှောင်ရုံမှူးသို့ ဆက်လက်အကြောင်းကြားရမည်။

**အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် ပယ်ဖျက်ခြင်း**

၅၂။ အမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၇ အရ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်မှ လိုင်စင်ကို ပယ်ဖျက်သည့်ကိစ္စများတွင် အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူများမှ အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) အကောက်ခွန်မှ ခွင့်ပြုထားခဲ့သည့် ကုန်လှောင်ရုံလိုင်စင် ပယ်ဖျက်မည်ဖြစ်ကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့မှ စတင်၍ ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်း ထပ်မံထည့်သွင်းခြင်း မပြုရ။

(ခ) ကုန်လှောင်ရုံလုပ်ငန်း ဆောင်ရွက်စဉ်က ကုန်ပစ္စည်းအဝင်/အထွက် စာရင်းချုပ်အား တစ်ပါတည်းပူးတွဲတင်ပြရမည်။ လိုင်စင်သက်တမ်း ကုန်ဆုံးသည့်နေ့တွင် အကောက်ခွန်ကုန်လှောင်ရုံမှ တရားဝင်ရွှေ့ပြောင်းမှုနှင့် ကုန်လှောင်ရုံရှိ ကုန်ပစ္စည်းများ လက်ရှိဆောင်ရွက်နေမှုများအတွက် လိုင်စင်ဖျက်သိမ်းခြင်း မပြုမီ အပြီးသတ် ဆောင်ရွက်ရမည်။

(ဂ) အကောက်ခွန်ကုန်လှောင်ရုံမှ ကုန်ပစ္စည်းများ ရွှေ့ပြောင်းမှုကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၃ အရ ၇ ရက်အတွင်း အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် တင်ပြရမည်။

(ဃ) ကုန်ပစ္စည်း လက်ကျန် အခြေအနေအား စစ်ဆေးမှုခံယူပြီး ကုန်ပစ္စည်းများ ကွဲလွဲမှုရှိပါက ကျသင့်အခွန်အခများနှင့် ဒဏ်ကြေးများကို ပေးဆောင်ရန် ဆောင်ရွက်ရမည်။

(င) ကုန်လှောင်ရုံတွင် ကျန်ရှိသော ပစ္စည်းများမှာ ပိုင်ရှင်စွန့်လွှတ် သို့မဟုတ် ပိုင်ရှင်မဲ့ကုန်ပစ္စည်းများဖြစ်ပါက လေလံတင်ရောင်းချခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကို အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

၅၃။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ အမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၇ အရ ညွှန်ကြားရေးမှူးချုပ်မှ လိုင်စင်ကို ပယ်ဖျက်သည့်ကိစ္စများတွင် ရုံးအဖွဲ့မှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လုံလောက်သော စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်မှ ခွင့်ပြုထားခဲ့သည့် ကုန်လှောင်ရုံလိုင်စင်ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်းထပ်မံထည့်သွင်းခြင်းမပြုရန် ကုန်လှောင်ရုံလိုင်စင်ရရှိထားသူအား စာဖြင့် အကြောင်းကြားရမည်။

(ခ) လိုင်စင်ပယ်ဖျက်ခြင်းခံရမည့် ကုန်လှောင်ရုံလိုင်စင်ရရှိထားသူအား ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများကို ထုတ်ယူရန် အများပြည်သူသို့ ကြေညာစေရမည်။

(ဂ) ကုန်ပစ္စည်း အဝင်/ အထွက် စာရင်းချုပ်အား ကုန်လှောင်ရုံလိုင်စင်ရရှိထားသူထံမှ တောင်းယူစစ်ဆေးပြီး အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ကုန်လှောင်ရုံတွင် ကျန်ရှိသော ပစ္စည်းများမှာ ပိုင်ရှင်မဲ့ကုန်ပစ္စည်းများဖြစ်ပါက လေလံတင် ရောင်းချခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကို မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာကုန်လှောင်ရုံမှူးသို့ ဆက်လက် အကြောင်းကြားရမည်။

၅၄။ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ ပေးပို့သည့် စာရင်းများအရ ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းလက်ကျန်အခြေအနေများအား စစ်ဆေး အတည်ပြုပေးရမည်။

(ခ) ကွဲလွဲတွေ့ရှိချက်များအား စည်းကြပ်ကောက်ခံနိုင်ရန် စစ်ဆေးချက် Note down မှတ်တမ်းနှင့်အတူ ပြန်လည်တင်ပြရမည်။

၅၅။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်၏ ရာဖြတ်/ စာရင်းစစ်အဖွဲ့မှ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်လှောင်ရုံနှင့် ပတ်သက်သော စာရင်းဇယားများအား စစ်ဆေးရမည်။

(ခ) လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းခြင်း၊ ထုတ်ယူခြင်းနှင့် ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ထားရှိမှု ရှိ/မရှိ စစ်ဆေးရမည်။

(ဂ) အခွန်ကြွေးကျန်များ ကျန်ရှိမှု ရှိ/မရှိ၊ လျော့နည်းအခွန်အခနှင့် ဒဏ်ကြေးများ တပ်ရိုက်ရန် ရှိ/မရှိ စစ်ဆေးရမည်။

(ဃ) ကုန်ပစ္စည်းများ ကွဲလွဲမှုအတွက် အခွန်အခများနှင့် ဒဏ်ကြေးများ ပေးဆောင်စေရန် သီးခြားအစီရင်ခံစာဖြင့် တင်ပြရမည်။

(င) ကုန်လှောင်ရုံလိုင်စင် ဖျက်သိမ်းခြင်း အချက်အလက်များအား ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲသို့ Warehouse Code နှင့် Warehouse Operator လုပ်ပိုင်ခွင့် User Code အား ပိတ်သိမ်းပေးနိုင်ရန် ပေးပို့ရမည်။

(စ) ကုန်လှောင်ရုံလိုင်စင် ဖျက်သိမ်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရန် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲသို့ ဆက်လက် ပေးပို့ရမည်။

**ကြေညာလွှာနှင့် သက်ဆိုင်သည့် အခွန်အခများ ပေးဆောင်ခြင်း**

၅၆။ အကောက်ခွန်ကြေညာလွှာနှင့် ပတ်သက်သည့် အခွန်အခများပေးဆောင်ခြင်းကို စာရင်းရှင် အပ်ငွေ (Deposit) ဖြင့်သာ ဆောင်ရွက်ရမည်။

၅၇။ ကြေညာလွှာနှင့် ပတ်သက်သည့် အခွန်အခများအား Direct Payment (ငွေသား သို့မဟုတ် Payment Order) ဖြင့် ဖြစ်စေ အခြားနည်းလမ်းဖြင့် ဖြစ်စေ ငွေပေးချေမှု လက်ခံဆောင်ရွက်မည့်အချိန်တွင် အကောက်ခွန်ဦးစီးဌာနမှ သီးခြားအမိန့် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

၅၈။ စာရင်းရှင်အပ်ငွေ (Deposit) ပေးသွင်းခြင်းကို အကောက်ခွန်ကုန်လှောင်ရုံများအား ကိုင်တွယ်ဆောင်ရွက်သည့် သက်ဆိုင်ရာ အကောက်ခွန်ရုံးမှ လက်ခံ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲတွင် ပေးသွင်း ဆောင်ရွက်ရမည်။

**အကောက်ခွန် ကုန်လှောင်ရုံ နှင့် ပတ်သက်၍ ဌာနခွဲများအလိုက် ဆောင်ရွက်ရမည့် အချက်များ**

၅၉။ ဌာနခွဲများအလိုက်အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ စိစစ်ရေးဌာနခွဲအနေဖြင့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်မှုများနှင့် အကြံပြုချက်များအတွက် လုပ်ငန်းညှိနှိုင်းခြင်းနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် ခွင့်ပြုခြင်း၊ ပယ်ဖျက်/ ဖျက်သိမ်းခြင်း၊ ပိတ်သိမ်းခြင်း အစရှိသည့် ကိစ္စရပ်များအတွက် အကောက်ခွန်ကုန်လှောင်ရုံ

ဌာနစိတ်မှ စိစစ်ပေးရန် ပေးပို့လာသည့် Case File များအား စစ်ဆေး အကြောင်း ပြန်ကြားပေးရမည်။

(ဂ) စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ အနေဖြင့် အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ခွင့်ပြုရန်ဖြစ်စေ၊ လိုင်စင် သက်တမ်းတိုး ခွင့်ပြုရန် ဖြစ်စေ၊ လိုင်စင် ပယ်ဖျက်/ ဖျက်သိမ်းရန် ဖြစ်စေ အကောက်ခွန် ကုန်လှောင်ရုံဌာနစိတ်မှ တင်ပြလာသည့် Case File များ အတွက် မြေပြင် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးခြင်း၊ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင် ခွင့်ပြုခြင်း/ ပယ်ဖျက်ခြင်း/ ပိတ်သိမ်းခြင်း/ ဖျက်သိမ်းခြင်း စသည်တို့အတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲအနေဖြင့် အကောက်ခွန် ကုန်လှောင်ရုံ ဆိုင်ရာ အာမခံစပေါ်ငွေများ၊ လိုင်စင်ကြေးများ၊ နှစ်စဉ်ကြေးများ ကောက်ခံ ပေးခြင်းနှင့် ကြေညာလွှာများအတွက် အခွန်အခများ ကောက်ခံပေးခြင်းများကို ဆောင်ရွက်ပေးရမည်။ ထို့အပြင် အာမခံစပေါ်ငွေ၊ လိုင်စင်ကြေး၊ နှစ်စဉ်ကြေး ကောက်ခံခြင်းနှင့် အခွန်အခ ကောက်ခံမည့် လုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရမည်။

(င) ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲအနေဖြင့် အကောက်ခွန် ကုန်လှောင်ရုံဆိုင်ရာ တားဆီး/ ဖမ်းဆီး ပစ္စည်းများအား လက်ခံခြင်း၊ လေလံတင်ရောင်းချခြင်းတို့ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည်။

(စ) ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ လက်အောက်ရှိ ဌာနစိတ်များအလိုက် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ ကြေညာလွှာများနှင့် ပတ်သက်၍ တင်ပြချက် များအား လုပ်ငန်းလိုအပ်ချက်အရ ပူးပေါင်းဆောင်ရွက်ရမည်။ ရန်ကုန် ဧရိယာ အတွင်းရှိ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ် ဝန်ထမ်းအင်အားနှင့် အကောက်ခွန် ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိ ဝန်ထမ်းအင်အားကို ညှိနှိုင်း ဆောင်ရွက်ပေးရမည်။ အခြားနယ်မြေ အကောက်ခွန်ရုံးများ၏ လုပ်ငန်း ဆောင်ရွက်မှုများကိုလည်း နယ်ရုံးများကြီးကြပ်ရေးဌာနခွဲနှင့် ညှိနှိုင်းဆောင် ရွက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ ကုန်လှောင်ရုံ စီမံခန့်ခွဲမှုစနစ်အား စနစ် အဆင့်မြှင့်တင်မှုအား ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်

ရေးဌာနခွဲနှင့် ဆွေးနွေး၍ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ရရှိထားသူအား ညှိနှိုင်းမှုများ ပြုလုပ်ရမည်။

(ဆ) ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲအနေဖြင့် အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် ခွင့်ပြုခြင်း၊ ပယ်ဖျက်/ ဖျက်သိမ်းခြင်း၊ ပိတ်သိမ်းခြင်း အစရှိသည့် ကိစ္စရပ်များအတွက် အကောက်ခွန်ကုန်လှောင်ရုံ ဌာနစိတ်မှ စိစစ်ပေးရန် ပေးပို့လာသည့် Case File များအား စစ်ဆေး အကြောင်းပြန်ကြားပေးရမည်။ ထို့ပြင် အကောက်ခွန်ကုန်လှောင်ရုံနှင့် ပတ်သက်၍ MACCS စနစ် အသုံးပြုဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ပြဋ္ဌာန်းပေးခြင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊ လိုအပ်သည့် Criteria များ သတ်မှတ်ပေးခြင်းနှင့် Master Table Setting ထားရှိပေးခြင်းတို့ကို ဆောင်ရွက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ ကုန်လှောင်ရုံ စီမံခန့်ခွဲမှုစနစ်အား စနစ်အဆင့်မြှင့်တင်မှုအား ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ အကောက်ခွန် ကုန်လှောင်ရုံ ဌာနစိတ်နှင့် ဆွေးနွေး၍ အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ရရှိထားသူအား ညှိနှိုင်းမှုများပြုလုပ်ရမည်။

(ဇ) နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဌာနခွဲ အနေဖြင့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) အရ အကောက်ခွန်ကုန်လှောင်ရုံ ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ရမည်။

(ဈ) နယ်ရုံးများကြီးကြပ်ရေးဌာနခွဲအနေဖြင့် သက်ဆိုင်ရာ နယ်မြေအကောက်ခွန်ရုံးများအလိုက် အကောက်ခွန်ကုန်လှောင်ရုံ ဖွင့်လှစ်ရန်၊ သက်တမ်းတိုးရန်၊ ပယ်ဖျက်/ ဖျက်သိမ်းရန်၊ ပိတ်သိမ်းရန် လျှောက်ထားလာသည့် ကိစ္စရပ်များအား အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်နှင့် ဆက်သွယ်၍ လုပ်ငန်းဆောင်ရွက်ရမည်။ နယ်မြေများရှိ အကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေးအရာရှိ ဝန်ထမ်းအင်အားကို လည်း ညှိနှိုင်း ဆောင်ရွက်ပေးရမည်။ သမားရိုးကျနည်းလမ်း (Manual စနစ်) ဖြင့် တင်သွင်းသည့် ကြေညာလွှာများနှင့် ပတ်သက်၍ ထုတ်ကုန်/သွင်းကုန် ကြီးကြပ်ရေးဌာနခွဲဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအကောက်ခွန်ကုန်လှောင်ရုံ စစ်ဆေးရေး အရာရှိများဖြင့် ဖြစ်စေ လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရမည်။

**ကုန်လှောင်ရုံ အမျိုးအစားအလိုက် လုပ်ငန်းဆောင်ရွက်ခြင်း**

၆၀။ ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ လျှောက်ထားလာပါက အကောက်ခွန်ကုန်လှောင်ရုံဖွင့်လှစ်ရန် လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးချုပ်ထံ သီးခြားအစီရင်ခံတင်ပြရမည် ဖြစ်ပါသည်။

၆၁။ ကုန်ထုတ်လုပ်သည့် အကောက်ခွန်ကုန်လှောင်ရုံများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် လုပ်ငန်းစဉ်အား သီးခြားပြဋ္ဌာန်းသွားမည် ဖြစ်ပါသည်။

၆၂။ အထူးအကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်လျှောက်ထားရယူထားသည့် ကုန်လှောင်ရုံများ အနေဖြင့် အောက်ပါကုန်စည်အမျိုးအစားများအား ထည့်သွင်းသိုလှောင်ခွင့် ရှိပါသည် -

(က) ပေါက်ကွဲလွယ်သောပစ္စည်းများ (Explosives – amount of heat, light, sound, gas or smoke)

(ခ) ဓာတ်ငွေ့များ (Gases – liquefied gases, compressed gases, dissolved gases, refrigerated liquefied gases, aerosols)

(ဂ) မီးလောင်လွယ်သောအရည်များ (Flammable liquids – volatile)

(ဃ) မီးလောင်လွယ်သော အစိုင်အခဲများ (Flammable solids – highly combustible)

(င) အောက်ဆီဂျင်နှင့်ဓာတ်ပြုသော အရာဝတ္ထုများ (Oxidizing substances – Oxygen)

(စ) အဆိပ်အတောက်ဖြစ်စေပြီး ကူးစက်ပြန့်ပွားလွယ်သော အရာဝတ္ထုများ (Toxic and Infectious Substances – serious injury or death to human (swallowed, inhale or contact with skin))

(ဆ) ရေဒီယိုသတ္တိကြွသော ပစ္စည်းများ (Radioactive Materials)

(ဇ) အရာဝတ္ထုပစ္စည်းများကို သံချေး၊ အက်ဆစ် စသည်တို့ကဲ့သို့ စားပစ်တတ်သော ပစ္စည်းများ (Corrosive)

(ဈ) သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသည့် အရာဝတ္ထုအမျိုးမျိုး (Miscellaneous Dangerous Goods)

(ည) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် ကန့်သတ်ဓါတုပစ္စည်းစာရင်းရှိ ထိန်းချုပ်ဓါတုပစ္စည်းများ

(ဋ) အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်မှ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်ထားသည့် ပစ္စည်းများ

၆၃။ အထူးအကောက်ခွန်ကုန်လှောင်ရုံတွင် သိုလှောင်ထားရှိမည့် ကုန်ပစ္စည်းများအတွက် ကုန်လှောင်ရုံသို့ ထည့်သွင်းမည့်အကြိမ်တိုင်းတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၏ တင်သွင်းခွင့် ထောက်ခံချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ Storage Permit များအား တင်သွင်းသူမှ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ စည်းကြပ်အရာရှိနှင့်

အကောက်ခွန် ကုန်လှောင်ရုံတာဝန်ကျ စစ်ဆေးရေးအရာရှိထံသို့ မပျက်မကွက် တင်ပြရမည်။

၆၄။ အများနှင့်ဆိုင်သော အကောက်ခွန်ကုန်လှောင်ရုံ၊ ပုဂ္ဂလိကအကောက်ခွန်ကုန်လှောင်ရုံ၊ ကုန်ထုတ်လုပ်သည့် အကောက်ခွန်ကုန်လှောင်ရုံနှင့် ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံ နယ်မြေများအတွက် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေအရ တားမြစ်ကန့်သတ်ထားသော ပစ္စည်းများ၊ အခြားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ ကန့်သတ်ပြဋ္ဌာန်းထားသော ပစ္စည်းများမှအပ ကျန်သော ကုန်ပစ္စည်းများအား ထည့်သွင်း သိုလှောင်ထားခွင့်ပြုမည် ဖြစ်ပါသည်။

၆၅။ အကောက်ခွန်ကုန်လှောင်ရုံများသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများသည့် တည်ဆဲ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်သည့် ကုန်ပစ္စည်းများ မဖြစ်စေရ။

၆၆။ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၉) နှင့် ဤလုပ်ထုံးလုပ်နည်းပါ ခွင့်ပြုချက်များ၊ အမိန့်ကြော်ငြာစာ ထပ်မံ ထုတ်ပြန်မည့် ခွင့်ပြုကိစ္စရပ်များမှတစ်ပါး အခြား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများအရ ပြစ်မှုမြောက်သည့် ကိစ္စရပ်များအား ရှောင်ရှားရန်အလို့ငှာ ကုန်ပစ္စည်း များအား ကုန်လှောင်ရုံသွင်းခြင်းအား မပြုလုပ်ရ။

**အထွေထွေ**

၆၇။ MACCS စနစ်ဖြင့် ကြေညာလွှာ တင်သွင်းခြင်းအတွက် ထုတ်ပြန်ထားသည့် MACCS Standard Operating Procedure အတိုင်း ဆောင်ရွက်ရမည်။

၆၈။ ကုန်လှောင်ရုံအတွင်းသို့ သိုလှောင်ထည့်သွင်းထားသော ကုန်ပစ္စည်းများအား ဖွင့်ဖောက် စစ်ဆေးခြင်း၊ ပိုင်ရှင်မှဝင်ရောက် ကြည့်ရှုခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ကုန်ပစ္စည်းများ ကုန်လှောင်ရုံ အတွင်း ထားရှိနိုင်မည့် အချိန်ကာလဆိုင်ရာ စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် ကုန်လှောင်ရုံမှူး၊ ကုန် ပစ္စည်းပိုင်ရှင် သို့မဟုတ် ကုန်ပစ္စည်းပိုင်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ထားသူနှင့် အကောက်ခွန် အရာရှိတို့သည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ အခန်း ၁၁ 'ကုန်ပစ္စည်းများ သို လှောင်ခြင်း' အရ လိုက်နာဆောင်ရွက်ရမည်။

၆၉။ ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများအား ပိုင်ရှင်အမည် ပြောင်းလဲခြင်းအား ဆောင်ရွက်ခွင့် ပြုမည်ဆိုပါက သီးခြား ညွှန်ကြားချက် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

၇၀။ Ship / Aircraft Stores ပစ္စည်းများအတွက် သီးခြားအမိန့် ထုတ်ပြန်ဆောင်ရွက် သွားမည်။

၇၁။ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၂၂ အရ ကုန်လှောင်ရုံအတွင်း ပျက်စီးဆုံးရှုံးမှုများအတွက် ပေးဆောင်ရမည့်

အကောက်ခွန်များကို လွတ်ငြိမ်းခွင့် ပေးနိုင်ရန် လက်ခံနိုင်သည့်ပမာဏနှင့် သတ်မှတ်ချက်များကို အခြေအနေ တစ်ခုချင်းစီအလိုက် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၇၂။ Express Consignment များအတွက် သက်ဆိုင်ရာ သီးခြားလုပ်ငန်းစဉ်အတိုင်းသာ ဆောင်ရွက်ရမည်။ အကောက်ခွန် ဝင်ပေါက်စခန်း ဧရိယာအတွင်း တည်ရှိခြင်း မရှိသော Express Consignment များ ၏ ကုန်လှောင်ရုံများသည် အကောက်ခွန် ကုန်လှောင်ရုံဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇၃။ Duty Free Shop ပစ္စည်းများ ထုတ်ယူရာတွင် Duty Free Shop လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၇၄။ အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်း ဆောင်ရွက်သူများသည် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ပိတ်ပင်တားမြစ်ထားသော ကုန်စည်များနှင့် သီးခြား အမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်ထားသော ကုန်စည်များ သိုလှောင်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇၅။ အကောက်ခွန်ကုန်လှောင်ရုံဌာနစိတ်မှ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ပြင်ဆင်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ပယ်ဖျက်ခြင်း ကိစ္စရပ်များအတွက် ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာ၏ အခန်း (၄) အရ ဆောင်ရွက်ရမည်။ အဆိုပါ ကိစ္စရပ်များ ဆောင်ရွက်မည်ဆိုပါက အကောက်ခွန် ကုန်လှောင်ရုံလိုင်စင် ရရှိထားသူထံသို့ အကြောင်းကြားရမည်။

၇၆။ ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာ၏ အပိုဒ် ၁၇ အပိုဒ်ခွဲ (ဃ) နှင့် (င) ပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ကျူးလွန်၍ လိုင်စင် ပယ်ဖျက်ခြင်း သို့မဟုတ် ပိတ်သိမ်းခြင်း ဆောင်ရွက်ခံရသော အကောက်ခွန် ကုန်လှောင်ရုံလိုင်စင်ရရှိသူများမှ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို အကောက်ခွန်ဦးစီးဌာနမှ ပြန်လည် ပေးအမ်းခြင်းပြုမည် မဟုတ်ပါ။

၇၇။ ကုန်လှောင်ရုံသွင်း-သွင်းကုန်ကြေညာလွှာ Into Bond ID တွင် ဖော်ပြပါရှိသော Importer ကသာ Ex-Bond ပြန်လည် ထုတ်ယူရမည်။

၇၈။ အကောက်ခွန်ကြီးကြပ်မှု ဧရိယာတစ်ခုအတွင်းရှိ အကောက်ခွန်ကုန်လှောင်ရုံများအတွက် မျက်မြင်စစ်ဆေးမှုအား သက်ဆိုင်ရာ အကောက်ခွန်ကြီးကြပ်မှု ဧရိယာ၏ အကောက်ခွန်စစ်ဆေး

ရေးအရာရှိများက လုပ်ငန်းလိုအပ်ချက်ရှိပါက ဆောင်ရွက်ပေးနိုင်သည်။

၇၉။ အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehouse) ဆိုင်ရာလုပ်ငန်းစဉ်များအား ဤစံပြုလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
အောင်ခိုင်၊ ညွှန်ကြားရေးမှူး (စီမံ)

စာအမှတ်၊ ၃၃ - ၀ထ / ၂၀၂၀ ( ၁၀၂၃ )
ရက်စွဲ ၊၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်

**ဖြန့်ဝေခြင်း**

ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့် စီမံရေးရာ)
ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး)
ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)
ညွှန်ကြားရေးမှူးများအားလုံး
ပြည်နယ်/တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးများအားလုံး
ဒုတိယညွှန်ကြားရေးမှူးများအားလုံး
မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများအားလုံး
ဌာနခွဲများအားလုံး

**မိတ္တူကို**

စီမံရေးရာဌာနစိတ် (အပို ၃ စောင်)
ရုံးလက်ခံ/မျှောစာတွဲ

နောက်ဆက်တွဲ (က)

# Warehouse Management System တွင် ပါရှိရမည့် အခြေခံ အချက်အလက်များ နမူနာပုံစံ

## Into Bond

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 |
|---|---|---|---|---|---|---|---|---|---|---|
| **Arrival Date** | **Container No.** | **Customs Approval No. for Storage** | **Type of Declaration/ Application (Into Bond ID/ BT Declaration/...)** | **Declaration No. / Application No.** | **Delcaration Item No.** | **Qty Unit** | **Unit Code** | **Gross Weight** | **Net Weight** | **HS Code** |
| 10/12/2019 | ABCD 234567 8 | 111 | Into Bond ID | 101234567890 | 1 | 10000 | L | 5200 KG | 5000 KG | 22042100 |

| 12 | 13 | 14 | 15 | 16 | 17 | 18 | 19 | 20 | 21 | 22 |
|---|---|---|---|---|---|---|---|---|---|---|
| **Invoice Value** | **Currency** | **Customs Value** | **Origin** | **Preference** | **Customs Duty Rate %** | **Duty** | **Specific Goods Tax Rate %** | **Specific Goods Tax** | **Commercial Tax Rate %** | **Commercial Tax** |
| 20000 | USD | 28000000 | Japan | N | 30 | 8400000 | - | (Manual Calculate Amount) | 5 | 1800000 |

| 23 | 24 | 25 | 26 | 27 | 28 | 29 | 30 | 31 | 32 | 33 |
|---|---|---|---|---|---|---|---|---|---|---|
| **Advance Income Tax Rate %** | **Advance Income Tax** | **Other Tax** | **Total Duty and Tax** | **Bond Mark No.** | **Location No.** | **Mark and Nos** | **Non - License / License Item** | **FDA Certificate Need/ No** | **Phytosanitary Certificate Need/ No** | **Animal Quarantine Need/ No** |
| 2 | 560000 | - | 10780000 | A1001234 | A1001 | Fragile | L | Y | - | - |

# Warehouse Management System တွင် ပါရှိရမည့် အခြေခံ အချက်အလက်များ နမူနာပုံစံ

| Into Bond | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| 34 | 35 | 36 | | | | | | | | |
| Pesticide Certificate Need/ No | Fishery Certificate Need/ No | Approval No | | | | | | | | |
| - | - | - | | | | | | | | |

# Warehouse Management System တွင် ပါရှိရမည့် အခြေခံ အချက်အလက်များ နမူနာပုံစံ

နောက်ဆက်တွဲ (က)

## Ex-Bond

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 |
|---|---|---|---|---|---|---|---|---|---|---|
| **Delivery Date** | **Into BOnd Declaration No./ Application No.** | **Container No.** | **Type of Declaration/ Application (Ex-Bond ID/ Ex-Bond ED/ BT Declaration/...)** | **Ex-Bond ID Declaration No.** | **Qty Unit** | **Unit Code** | **Gross Weight** | **Net Weight** | **Ex-Bond ED Declaration No.** | **Qty Unit** |
| 15/1/2020 | 101234567890 | MCPU1101510 | Ex-Bond ID | 100121212120 | 1000 | L | 520 KG | 500 KG | | |
| | | | | | | | | | | |
| **12** | **13** | **14** | **15** | ` | **17** | ` | ```````````````` | `` | **21** | **22** |
| **Unit Code** | **Gross Weight** | **Net Weight** | **Export Declaration No.** | **Qty Unit** | **Unit Code** | **Gross Weight** | **Net Weight** | **Bonded Transportation Declaration No.** | **Qty Unit** | **Unit Code** |
| | | | | | | | | | | |
| | | | | | | | | | | |
| **23** | **24** | **25** | **26** | **27** | **28** | **29** | **30** | **31** | **32** | **33** |
| **Gross Weight** | **Net Weight** | **Remission** | **Qty Unit** | **Unit Code** | **Gross Weight** | **Net Weight** | **HS Code** | **Invoice Value** | **Currency** | **Customs Value** |
| | | | | | | | 22042100 | 2000 | USD | 2800000 |

# Warehouse Management System တွင် ပါရှိရမည့် အခြေခံ အချက်အလက်များ နမူနာပုံစံ

| Ex-Bond | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| **34** | **35** | **36** | **37** | **38** | **39** | **40** | **41** | **42** | **43** | **44** |
| **Origin** | **Preference** | **Customs Duty Rate %** | **Duty** | **Specific Goods Tax Rate %** | **Specific Goods Tax** | **Commercial Tax Rate %** | **Commercial Tax** | **Advance Income Tax Rate %** | **Advance Income Tax** | **Other Tax** |
| Japan | N | 30 | 840000 | | (Manual Calculate Amount) | 5 | 180000 | 2 | 56000 | |
| | | | | | | | | | | |
| **45** | **46** | **47** | **48** | **49** | **50** | **51** | **52** | **53** | **54** | **55** |
| **Total** | **Delivery Order No.** | **Mark and Nos** | **Non - License / License Item** | **FDA Approved or Not** | **Phytosanitary Approved or Not** | **Animal Quarantine Need/ No** | **Pesticide Approved or Not** | **Fishery Approved or Not** | **Balance** | **Carried In BWH/CY** |
| 1076000 | D0123100 | Fragile | Y | Y | - | - | - | - | 9000 | - |
| | | | | | | | | | | |
| **56** | | | | | | | | | | |
| **Seal No.** | | | | | | | | | | |
| 72000818 | | | | | | | | | | |

| နမူနာပုံစံ | Letter Head | နောက်ဆက်တွဲ (ခ) |
|---|---|---|

သို့

**ညွှန်ကြားရေးမှူး**
**ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ**

| တံဆိပ်ခေါင်း ကပ်ရန်နေရာ |
|---|

**ရက်စွဲ၊ ခု လ ရက်**

အကြောင်းအရာ။ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်ရရှိရန် လျှောက်ထားသည့် အကောက်ခွန်ကုန်လှောင်ရုံဧရိယာအတွင်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုသည့် ကိစ္စ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/မ များ _ _ _ _ _ _ _ _ _ _ _ ကုမ္ပဏီပိုင် အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် လျှောက်ထားသည့် _ _ _ _ _ _ _ _ _ အကောက်ခွန်ကုန်လှောင်ရုံဧရိယာအတွင်း ကုန်ပစ္စည်း ထည့်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ယူခြင်းတို့ကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ အခန်း (၁၁) 'ကုန်ပစ္စည်းများ သိုလှောင်ခြင်း၊ ကုန်ပစ္စည်းများကို ကုန်လှောင်ရုံအတွင်းသွင်းခြင်း' နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၉) တို့တွင် ဖော်ပြထားချက်များအရ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများအတွက် ကြေညာလွှာ တင်သွင်းခြင်း၊ ကုန်ပစ္စည်း အဝင်/အထွက် စာရင်းများ ထိန်းသိမ်းခြင်းနှင့် အခြားလိုက်ပါ ဆောင်ရွက်ရမည့် အချက်များအား အကောက်ခွန်ဦးစီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ( /၂၀၂၀) အရ လိုက်နာ ဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကုန်လှောင်ရုံသွင်း ကုန်ပစ္စည်းများ၏ ယိုယွင်း/ ပျက်စီး/ ပျောက်ဆုံး/ ဆုံးရှုံးမှု ကိစ္စအဝဝ မှာ မိမိတို့တွင် လုံးဝ (လုံးဝ) တာဝန်ရှိသည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

၄။ အကယ်၍ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကာ ကတိခံဝန်ချက်များ ချိုးဖောက်ခဲ့သော် ပင်လယ်ရေကြောင်း အကောက်ခွန် အက် ဥပဒေ အခန်း (၁၆) 'ပြစ်မှုနှင့် ပြစ်ဒဏ်များ' နှင့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် တည်ဆဲ လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်းအား ကျေနပ်စွာ လက်ခံဆောင်ရွက်သွားမည်ဟု သဘောတူညီပါကြောင်း ထပ်ဆင့် ဝန်ခံကတိပြုပါသည်။

(လက်မှတ်)
အမည်-
ရာထူး-
Bonded Warehouse အမည်-
နေရပ်လိပ်စာ-
ဖုန်းနံပါတ်-

# ကုန်လှောင်ရုံ အမျိုးအစားအလိုက် လိုင်စင် အမှတ်စဉ် သတ်မှတ်ခြင်း

၁။ ကုန်လှောင်ရုံ အမျိုးအစားအလိုက် လိုင်စင် အမှတ်စဉ် သတ်မှတ်ရာတွင် အောက်ပါပုံစံဖြင့် သတ်မှတ်ရမည်-

| | | | | | | |
|---|---|---|---|---|---|---|
| ကုန်လှောင်ရုံ<br>အမျိုးအစား<br>(2 Digits) | + | ကုန်လှောင်ရုံဖြစ်ကြောင်း<br>ဖော်ပြသည့် Code 'BW'<br>(2 Digits) | | ကုန်လှောင်ရုံတည်ရှိရာ<br>နယ်မြေဒေသ<br>(1 Digit) | + | ကုန်လှောင်ရုံ အမှတ်စဉ်<br>(3 Digits) |

၂။ ကုန်လှောင်ရုံအမျိုးအစား အလိုက် သတ်မှတ်မည့် Code (2 Digits) မှာ အောက်ပါ ဇယားအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်လှောင်ရုံ အမျိုးအစား | သတ်မှတ်မည့် Code | မှတ်ချက် |
|---|---|---|---|
| ၁။ | ပုဂ္ဂလိက အကောက်ခွန်ကုန်လှောင်ရုံ | 'PR' | |
| ၂။ | အများပိုင် အကောက်ခွန် ကုန်လှောင်ရုံ | 'PU' | |
| ၃။ | ကုန်ထုတ်လုပ်သည့် အကောက်ခွန် ကုန်လှောင်ရုံ | 'MA' | |
| ၄။ | ပြပွဲများအတွက် အကောက်ခွန် ကုန်လှောင်ရုံ | 'EX' | |
| ၅။ | အထူးအကောက်ခွန် ကုန်လှောင်ရုံ | 'SP' | |

၃။ ကုန်လှောင်ရုံ တည်ရှိရာ နယ်မြေဒေသအလိုက် သတ်မှတ်မည့် Code (1 Digit) မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကုန်လှောင်ရုံတည်ရှိရာ နယ်မြေဒေသ | သတ်မှတ်မည့် Code | မှတ်ချက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | 'A' | နယ်မြေဒေသ သတ်မှတ်သည့် Code မှာ MACCS ဌာနခွဲ၏ လုပ်ငန်းလိုအပ်ချက်ရှိပါက ထပ်တိုးပြောင်းလဲမှုဖြစ်ပေါ်နိုင်ပါသည်။ |
| ၂။ | နေပြည်တော် | 'B' | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | 'C' | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | 'D' | |
| ၅။ | ချင်းပြည်နယ် | 'E' | |
| ၆။ | ကချင်ပြည်နယ် | 'F' | |
| ၇။ | ကယားပြည်နယ် | 'G' | |
| ၈။ | ကရင်ပြည်နယ် | 'H' | |
| ၉။ | မကွေးတိုင်းဒေသကြီး | 'J' | |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | 'K' | |
| ၁၁။ | မွန်ပြည်နယ် | 'L' | |
| ၁၂။ | ရခိုင်ပြည်နယ် | 'M' | |
| ၁၃။ | ရှမ်းပြည်နယ် | 'N' | |
| ၁၄။ | စစ်ကိုင်းတိုင်းဒေသကြီး | 'P' | |
| ၁၅။ | တနင်္သာရီတိုင်းဒေသကြီး | 'Q' | |

၄။ သို့ဖြစ်ရာ ကရင်ပြည်နယ်အတွင်းရှိ အများပိုင် အကောက်ခွန် ကုန်လှောင်ရုံတစ်ခုအား လိုင်စင်အမှတ်စဉ် သတ်မှတ်မည် ဆိုပါက 'PUBWH001' ဖြစ်ပါသည်။

နောက်ဆက်တွဲ (ဃ)

# အကောက်ခွန် ကုန်လှောင်ရုံ လိုင်စင် ခွင့်ပြုရန် တင်ပြသည့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှု နှင့် မြေမြင်စစ်ဆေးချက်မှတ်တမ်း

| စဉ် | အကြောင်းအရာ | သင့်လျော်မှု ရှိ/မရှိ (အမှန်ခြစ်/ အမှားခြစ်ဖြင့် ရေးမှတ်ပါရန်) | မှတ်ချက် (သင့်လျော်မှု မရှိဟု ဖြည့်စွက်ပါက ပြင်ဆင်ရမည့် အချက်များ၊ လိုအပ်ချက်များအား မှတ်ချက်ရေးပါ။) |
|---|---|---|---|
| **စာရွက်စာတမ်း အထောက်အထားများ** | | | |
| ၁။ | အကောက်ခွန် ကုန်လှောင်ရုံ လျှောက်ထားသည့် Company အမည် | . | |
| ၂။ | အကောက်ခွန်ကုန်လှောင်ရုံ တည်နေရာ၊ အဆောက်အဦ အမှတ်၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | | |
| ၃။ | CR-127 Register No. နှင့် နေ့စွဲ | | |
| ၄။ | ကုန်လှောင်ရုံအမျိုးအစား | | |
| ၅။ | သိုလှောင်မည့် ကုန်ပစ္စည်း အမျိုးအစား | | |
| ၆။ | အကောက်ခွန် ကုန်လှောင်ရုံ ဖွင့်လှစ်လိုကြောင်း အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ ကိုယ်ပိုင်အမှတ်အသား တံဆိပ်ပါစာ (Letter Head) ဖြင့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ ၏ အကြီးအကဲ ကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြသောစာ | | |
| ၇။ | အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ | | |
| ၈။ | အစိုးရ ဌာနဆိုင်ရာဖြစ်ပါက သက်ဆိုင်ရာ ဌာန၏ ထောက်ခံချက် | | |
| ၉။ | ပြည်ပ ကုမ္ပဏီများ၊ ပြည်တွင်းနှင့် ပြည်ပ ဖက်စပ်ကုမ္ပဏီများမှ လျှောက်ထားပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ၏ အတည်ပြုမိန့် | | |
| ၁၀။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက် | | |
| ၁၁။ | အထူးအကောက်ခွန်ကုန်လှောင်ရုံလျှောက် ထားခြင်းနှင့် စပ်လျဉ်း၍ ထည့်သွင်းမည့် ကုန်ပစ္စည်း အမျိုးအစား အလိုက် သက်ဆိုင်ရာ ဌာနများ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိကြောင်း ထောက်ခံချက် | | |
| ၁၂။ | အဆောက်အဦနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှု အထောက်အထား သို့မဟုတ် ငှားရမ်းစာချုပ် | | |

| စဉ် | အကြောင်းအရာ | သင့်လျော်မှု ရှိ/မရှိ<br>(အမှန်ခြစ်/ အမှားခြစ်ဖြင့်<br>ရေးမှတ်ပါရန်) | မှတ်ချက်<br>(သင့်လျော်မှု မရှိဟု ဖြည့်စွက်ပါက ပြင်ဆင်ရမည့်<br>အချက်များ၊ လိုအပ်ချက်များအား မှတ်ချက်ရေးပါ။) |
|---|---|---|---|
| ၁၃။ | အဆောက်အဦနှင့် စပ်လျဉ်း၍ မြန်မာ့အာမခံ<br>လုပ်ငန်းတွင် ဖြစ်စေ၊ ပုဂ္ဂလိကအာမခံ<br>ကုမ္ပဏီတွင် ဖြစ်စေ မီးအာမခံနှင့်<br>သဘာဝဘေးအန္တရာယ်<br>အပိုအကာအကွယ်များ ထားရှိပြီး<br>ဖြစ်ကြောင်း အထောက်အထား | | |
| ၁၄။ | အဆောက်အဦအမျိုးအစား၊ အလျား၊ အနံ၊<br>အမြင့်၊ ဧရိယာ | | |
| ၁၅။ | အဆောက်အဦ ဆောက်လုပ်ပြီးစီးသည့် ခုနှစ်၊<br>သက်တမ်း | | |
| ၁၆။ | သိုလှောင်မည့် ကုန်ပစ္စည်းအလိုက်<br>အခြားဌာနများမှ လိုအပ်သည့်<br>ထောက်ခံချက်များ (ဥပမာ- စိုက်ပျိုးရေး၊<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး) | | |
| ၁၇။ | သက်ဆိုင်ရာ မြို့နယ် မီးသတ်ဦးစီးဌာန၏<br>ထောက်ခံချက် | | |
| ၁၈။ | လုပ်ငန်းဆောင်ရွက်နိုင်သည့်<br>အကောက်ခွန်ရုံးမှ အကွာအဝေး | | |
| ၁၉။ | **CR-126 Register No. နှင့် နေ့စွဲ** | | |
| | **မြေပြင်စစ်ဆေးမှု မှတ်တမ်း** | | |
| ၂၀။ | လုံခြုံရေး အစောင့် အရေအတွက်/<br>စီမံထားရှိမှု | | |
| ၂၁။ | CCTV ထားရှိမှု အခြေအနေ | | |
| ၂၂။ | မီးဘေး လုံခြုံရေး အခြေအနေ | | |
| ၂၃။ | ဝင်ပေါက် လုံခြုံရေး အစောင့်အရေအတွက်/<br>စီမံထားရှိမှု | | |
| ၂၄။ | လျှပ်စစ်ဝါယာဆင်ထားသည့် အခြေအနေ | | |
| ၂၅။ | တံခါးမကြီး (ဝင်ပေါက်/ထွက်ပေါက်) ခိုင်ခံ့မှု<br>နှင့် လုံခြုံရေး အခြေအနေ | | |
| ၂၆။ | လူနေအိမ်ခြေများနှင့် နီးကပ်မှု ရှိ/မရှိ | | |
| ၂၇။ | လေဝင်လေထွက်ကောင်းမွန်မှု ရှိ/မရှိ | | |
| ၂၈။ | Cool Store ပါရှိမှု အခြေအနေ | | |
| ၂၉။ | အန္တရာယ်ရှိနိုင်သည့် ကုန်ပစ္စည်းများ<br>ထိန်းသိမ်းရန် ဧရိယာ သီးခြား<br>သတ်မှတ်ထားခြင်း ရှိ/မရှိ | | |
| ၃၀။ | ကုန်လှောင်ရုံစီမံခန့်ခွဲမှု စနစ်၏ အခြေအနေ | | |
| ၃၁။ | ရုံးချိန်နှင့် ရုံးချိန်ပြင်ပ ဆက်သွယ်ရမည့်<br>တာဝန်ခံများ၏ အမည်၊ ရာထူး၊ ဖုန်းနံပါတ်နှင့်<br>လိပ်စာ | | |

| စဉ် | အကြောင်းအရာ | သင့်လျော်မှု ရှိ/မရှိ<br>(အမှန်ခြစ်/ အမှားခြစ်ဖြင့်<br>ရေးမှတ်ပါရန်) | မှတ်ချက်<br>(သင့်လျော်မှု မရှိဟု ဖြည့်စွက်ပါက ပြင်ဆင်ရမည့်<br>အချက်များ၊ လိုအပ်ချက်များအား မှတ်ချက်ရေးပါ။) |
|---|---|---|---|
| ၃၂။ | သန့်ရှင်းမှု | | |
| ၃၃။ | အထူးသီးသန့် ကုန်ပစ္စည်းများ ထားရှိရန်<br>အခန်းပါရှိခြင်း ရှိ/မရှိ (Strong Room) | | |
| ၃၄။ | Environment Management Plans (EMPs)<br>နှင့် Environment Impact Assessments<br>(EIAs) များ တင်ပြနိုင်ခြင်း ရှိ/မရှိ | | |
| ၃၅ | လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းရှိ/မရှိ | | |

| နမူနာပုံစံ | Letter Head | နောက်ဆက်တွဲ (c) |
|---|---|---|

သို့

တံဆိပ်ခေါင်း ကပ်ရန်နေရာ

**ညွှန်ကြားရေးမှူး**
**ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ**

**ရက်စွဲ၊ ခု လ ရက်**

အကြောင်းအရာ။ **အကောက်ခွန်ကြီးကြပ်မှုဖြင့် ကုန်ပစ္စည်းရွှေ့ပြောင်း သယ်ဆောင်ခွင့် ပြုနိုင်ပါရန် လျှောက်ထားခြင်းကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/မ များ _ _ _ _ _ ကုမ္ပဏီပိုင် _ _ _ __ _ Bonded Warehouse တွင် _ _ _ _ _ _ကုမ္ပဏီ၏ ကုန်ပစ္စည်းများကို ကျသင့်သောအခွန်အခများပေးဆောင်ခြင်းမပြုမီကုန်လှောင်ရုံအတွင်း၌ ခေတ္တသိုလှောင်ထားရှိ မည် ဖြစ်ကြောင်း သဘောတူညီချက် ရရှိထားပြီး ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ကုန်ပစ္စည်းသိုလှောင်မည့် ကုန်လှောင်ရုံအမည် | | | |
| ကုန်ပစ္စည်းသိုလှောင်မည့် ကုန်လှောင်ရုံတည်နေရာ | | | |
| ကုန်ပစ္စည်းပိုင်ဆိုင်သည့် ကုမ္ပဏီအမည် | | | |
| ကုန်ပစ္စည်းပိုင်ဆိုင်သည့် ကုမ္ပဏီလိပ်စာ | | | |
| B/L, AWB, Delivery Order, Truck Note No | | | |
| ကုန်ပစ္စည်းအမျိုးအစား (ကုန်ပစ္စည်း အသေးစိတ်စာရင်းအားပူးတွဲတင် ပြရန်) | | | |
| ကုန်ပစ္စည်းအရေအတွက် | | အလေးချိန် | |
| ကုန်ပစ္စည်းထွက်ခွာမည့် အကောက်ခွန်ဇရိယာ | | ကုန်ပစ္စည်းရောက်ရှိမည့် အကောက်ခွန်ဇရိယာ | |
| စတင်ထွက်ခွာမည့်နေ့ရက် | | ရောက်ရှိမည့် နေ့ရက် | |
| Container အရေအတွက် (Container No: များအား ပူးတွဲတင်ပြရန် | | Box Truck ဖြင့် သယ်ဆောင်ပါက မော်တော်ယာဉ် အရေအတွက် (ကားနံပါတ်စာရင်းအား ပူးတွဲတင်ပြရန်) | |
| အကောက်ခွန်ကြီးကြပ်မှု ဖြင့် ကုန်ပစ္စည်း လျှောက်ထားသည့် ကုမ္ပဏီအမည် | | | |

၂။ သို့ဖြစ်ပါ၍ အဆိုပါကုန်ပစ္စည်းများအား _ _ _ _ _ _ _ဆိပ်ကမ်း/ ကုန်လှောင်ရုံ / နယ်စပ်စခန်း _ _ _ _ _ _ _ _ _ _ _ _မှ မိမိပိုင် _ _ _ _ _ _ _ _ Bonded Warehouse သို့ _ _ _ _ _ _ _ ရက်နေ့မှ _ _ _ _ _ _ _ _ရက်နေ့အတွင်း အပြီးရွှေ့ပြောင်းသယ်ဆောင်မည် ဖြစ်ပါကြောင်းနှင့် ရွှေ့ပြောင်းသယ်ဆောင်နေစဉ်ကာလအတွင်း ဖြစ်ပေါ်လာသည့် ကိစ္စအဝဝ အား မိမိတို့ _ _ _ _ _ _ _ _ _ Bonded Warehouse မှ အပြည့်အဝ တာဝန်ယူမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖြင့် လေးစားစွာ လျှောက်ထားအပ်ပါသည်။

မှတ်ချက်။ ကုန်လှောင်ရုံထားသိုခွင့် သဘောတူညီချက်အား ပူးတွဲတင်ပြထားပါသည်။

(လက်မှတ်)

အမည်-

ရာထူး-

Bonded Warehouse အမည်-

နေရပ်လိပ်စာ-

ဖုန်းနံပါတ်-